မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက် | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၂၇၉)

ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံစီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ချင်းတောင်မြို့အတွင်းရှိ ချင်းတောင်သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုစင်တာ (Hisense Qingdao Research and Development Center)အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ချင်းတောင်မြို့ရှိ ချင်းတောင်ဟိုင်အလ်အဖွဲ့နှင့် ချင်းတောင်သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုစင်တာများသို့ လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် ဇူလိုင် ၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချင်းတောင်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ချင်းတောင်မြို့အတွင်းရှိ ချင်းတောင်ဟိုင်အလ်အဖွဲ့ (Qingdao Haier Group)နှင့် ချင်းတောင်သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုစင်တာ (Qingdao Hisense Research and Development Center) များသို့ လှည့်လည်ကြည့်ရှုလေ့လာကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

ယနေ့ ဖတ် စ ရာ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း — ပြည်တွင်းသတင်း စာ ၆



မြန်မာ - ရုရှား နှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲကျင်းပ — ပြည်တွင်းသတင်း စာ ၉

ရေသတ္တဝါမွေးမြူရေး သတ္တုဓာတ်ပါဝင်မှု အလေးထားပေး — ဆောင်းပါး စာ ၁၆

အကြမ်းဖက်အဖျက်သောင်းကျန်းသူများကို ပြည်သူများက ပြင်းထန်စွာဆန့်ကျင်လျက်ရှိ

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတိုက်ပွဲဖြစ်စဉ်များမှာ မြန်မာပြည်သူလူထုတစ်ရပ်လုံးက စိတ်ဝင်စားအာရုံစိုက်ကြသည့် အကြောင်းအရာတစ်ရပ်ဖြစ်သည်။ ပြီးခဲ့သည့်နှစ် အောက်တိုဘာလ ၂၇ ရက်မှစကာ မြောက်ပိုင်းသုံးဖွဲ့ဟု မီဒီယာများက ခေါ်ဆိုကြသည့် MNDAA၊ TNLA နှင့် AA တို့ပူးပေါင်းပြီး "၁၀၂၇ စစ်ဆင်ရေး" ဟု ၎င်းတို့က အမည်ပေးထားသည့်တိုက်ခိုက်မှုများ ပြုလုပ်၍ ရှမ်းပြည်နယ် (မြောက်ပိုင်း)မြို့အချို့ကို တိုက်ခိုက်ခဲ့ကြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတိုက်ပွဲများတွင် မြောက်ပိုင်းသုံးဖွဲ့သာမက အကြမ်းဖက်အဖွဲ့အစည်းဟု ကြေညာထားသော NUG လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့များနှင့် ကြေးစားများ၊ နိုင်ငံခြားသားများပါ ပါဝင်လျက်ရှိကြောင်း ဒေသခံတိုင်းရင်းသားပြည်သူများ၏ ထုတ်ဖော်ပြောကြားချက်များကို လည်း လူမှုကွန်ရက်မီဒီယာများတွင် တွေ့မြင်ရသည်။ MNDAA ကို ကိုးကန့်အဖွဲ့၊ TNLA ကို ပလောင်အဖွဲ့၊ AA ကို ရခိုင်အဖွဲ့ဟု ဆိုကြသော်လည်း စင်စစ်အားဖြင့် ၎င်းတို့အဖွဲ့များရပ်တည်နိုင်ရေးအတွက် လူမျိုးရေးမှာ အကြောင်းပြချက်သက်သက်သာဖြစ်သည်။ လူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြသည့် ပြည်နယ်များအတွင်း ကျဉ်းမြောင်းသောသိမ်သည့်လူမျိုးရေးစိတ်ဓာတ်၊ တိုင်းရင်းသားလူမျိုးအချင်းချင်း မုန်းတီးရေးစိတ်ဓာတ်၊ အကြမ်းဖက်စိတ်ဓာတ်များကို လူငယ်လူရွယ်များ၏ စိတ်ဓာတ်များထဲသို့ ရိုက်သွင်းကာ ၎င်းတို့၏ အကျိုးစီးပွားကိုရှာဖွေနေကြခြင်းသာဖြစ်သည်။

ပြီးခဲ့သည့်ဇွန်လ ၂၅ ရက်တွင် TNLA ပူးပေါင်းအဖွဲ့သည် နောင်ချိုနှင့်ကျောက်မဲကို လည်းကောင်း၊ ဇူလိုင်လ ၃ ရက်နေ့တွင် MNDAA ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ဝန်းကျင်ကို လည်းကောင်း ၁၀၂၇ ၏အဆက်ဟုဆိုကာ တိုက်ခိုက်ခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုများမှာ မန္တလေးတိုင်းဒေသကြီး မတ္တရာနှင့်မိုးကုတ်တို့အထိ ရောက်ရှိခဲ့သည်။ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသသည် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည်စီးဆင်းရာ ပြည်ထောင်စုလမ်းကြီးတည်ရှိနေပြီး အဆိုပါလမ်းမကြီးတစ်လျှောက်ရှိ မြို့များမှာ စီးပွားရေးကောင်းမွန်စည်ကားသည့် မြို့များဖြစ်သည်။ မြို့ခံပြည်သူများမှာ လူမျိုးပေါင်းစုံ အေးအေးချမ်းချမ်း၊ ညီညီညွတ်ညွတ်နေထိုင်ကြသူများဖြစ်ကြရာ မိမိတို့နေထိုင်ရာမြို့များကို စစ်တလင်းဖြစ်အောင် လာရောက်တိုက်ခိုက်ဖျက်ဆီးမှုများကို မလိုလား။ ၁၀၂၇ ပထမပိုင်းကာလအတွင်း တပ်မတော်ကစစ်ရေးအရ ယာယီဆုတ်ခွာပေးခဲ့ရသည့်မြို့များတွင် MNDAA၊ TNLA တို့ ဝင်ရောက်သွားခဲ့ပြီး ဒေသခံပြည်သူတို့အပေါ် ပြုမူဆက်ဆံမှု၊ လူမျိုးရေးခွဲခြားမှု၊ အဓမ္မစစ်သားစုဆောင်းမှု၊ အခွန်အကြေးမားစွာကောက်ခံမှု၊ လက်နက်ကိုင်အဖွဲ့ချင်း နယ်မြေအငြင်းပွားမှုတို့ကို ကိုယ်တိုင်ကိုယ်ကျ သိမြင်ခံစားကြရသည့်အလျောက် ဒေသခံတို့က ၎င်းအဖွဲ့များကို ဆန့်ကျင်လာကြသည်။

MNDAA က ဇူလိုင် ၃ ရက်မှစ၍ လားရှိုးမြို့ရှိ လူနေရပ်ကွက်များကို နေ့စဉ်အဝေးမှနေ၍ ရော့တိုက်ဒုံးများ၊ ဒရော့ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် မြို့နေပြည်သူများ သေဆုံးဒဏ်ရာရမှုများဖြစ်ပေါ်လျက်ရှိသည်။ MNDAA နှင့် အပေါင်းအပါတို့၏ အကြမ်းဖက်လုပ်ရပ်များကို ဒေသခံတိုင်းရင်းသားပြည်သူများ၊ လားရှိုးမြို့နေ တရုတ်လူမျိုးများအားလုံးက လက်မခံ၊ ၎င်းတို့ကို လည်း အလိုမရှိကြောင်း ပြင်းပြင်းထန်ထန် ဆန့်ကျင်ကန့်ကွက်နေကြသည်ကို တွေ့ရသည်။ နောင်ချို၊ ကျောက်မဲ၊ သီပေါတို့တွင်လည်း ထိုနည်းလည်းကောင်းသာ။ သို့ဖြစ်ရာ ရှမ်းပြည်နယ် (မြောက် ပိုင်း) တစ်ခွင်ရှိ မြို့ရွာဒေသများ အေးချမ်းသာယာရေး၊ အရပ်သားပြည်သူများ ဘေးကင်းလုံခြုံရေးနှင့် လူမှုစီးပွားဘဝများ ပြန်လည်ထူထောင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၏ဆောင်ရွက်ချက်များတွင် ပြည်သူလူထုတစ်ရပ်လုံး ပိုင်းဝန်း ပူးပေါင်းပါဝင်ကြရပါမည့်အကြောင်း။ ။

မစ္စတာ နာစီရာဒင် ဟေဒါရီ အား မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် အဆိုပြုချက်ကို သဘောတူ

နေပြည်တော် ဇူလိုင် ၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာ နာစီရာဒင် ဟေဒါရီအား ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွန်အပ်ခြင်းခံရသော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို သဘောတူသည်။

မစ္စတာ နာစီရာဒင် ဟေဒါရီ အား ၁၉၆၃ ခုနှစ်၊ မတ်လ ၂၆ ရက်တွင် မွေးဖွားခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် အီရန်နိုင်ငံ၊ တီဟီရန်မြို့ရှိ အလာမဲတဘားတတိုင်းတက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဖြင့် ပါရဂူဘွဲ့ကို ရရှိခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး ကုလသမဂ္ဂရေးရာဌာန၊ လက်နက်ဖျက်သိမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေးကျွမ်းကျင်သူသံအရာရှိအဖြစ်လည်းကောင်း၊ ၁၉၉၄ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အီရန်သံရုံးတွင် ဒုတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန လက်နက်ဖျက်သိမ်းရေးနှင့် မပြန့်ပွားရေးဌာနတွင် ပထမအတွင်းဝန်နှင့် လက်နက်ဖျက်သိမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေး အကြီးတန်းကျွမ်းကျင်သူအဖြစ်လည်းကောင်း၊ ၂၀၀၂ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အီရန်သံရုံးတွင် ဒုတိယသံမှူးအဖြစ်လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဓာတုပစ္စည်းများလုံခြုံရေး ကွန်ဗင်းရှင်းနှင့် ဓာတုလက်နက်များ ကွန်ဗင်းရှင်းအမျိုးသားအာဏာပိုင်အဖွဲ့၏ ဒုတိယအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဆိုင်ရာ အီရန်အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် သံအမတ်အဖြစ်လည်းကောင်း၊ ၂၀၁၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ လက်နက်ထိန်းချုပ်ရေးနှင့် အာကာသရေးရာဌာနတွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ နိုင်ငံတကာသတင်းလုံခြုံရေး (ဆိုက်ဘာလုံခြုံရေး) ဆိုင်ရာ နှစ်နိုင်ငံ၊ ဒေသတွင်းနှင့် နိုင်ငံတကာဆက်ဆံရေးကိစ္စရပ်များတွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း တာဝန်ဝတ္တရားများကို ထမ်းဆောင်ခဲ့သည်။ ၂၀၂၄ ခုနှစ် မတ်လမှစ၍ ထိုင်းနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ နာစီရာဒင် ဟေဒါရီ သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦး ထွန်းကားသည်။ သတင်းစဉ်

ပြည်သူကြောက ပြည်သူ့စကားအစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၉

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူကြောက ပြည်သူ့စကား" အစီအစဉ်မှ "လက်နက်ကိုင်သောင်းကျန်းသူများနှင့် မူးယစ်ဆေး" ခေါင်းစဉ်ဖြင့် ဇူလိုင် ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက် ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁နာရီတွင် "ပြည်သူချင်း သတ်ဖြတ်ခဲ့လို့ တိုင်းပြည်ဒုက္ခရောက်ခဲ့ရတဲ့ အတိတ်ကာလကို သင်ခန်းစာမယူနိုင်သေးသော အကြမ်းဖက်သမားများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-စဈ၉၀၉၉၅၅၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်မှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်မှန်းလက်လီဈေးနှုန်းများ

၁၀-၇-၂၀၂၄

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမြိုင်	လားရှိုး	တောင်ကြီး	လှိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၆၅၅	၂၇၆၅	၂၇၄၀	၂၆၉၅	၂၇၆၅	၂၇၈၀	၂၇၉၀	၂၇၄၅	၂၈၀၅	၂၉၀၅	၂၇၅၀	၂၇၃၀	၂၈၀၀	၂၇၉၀	၂၈၀၀	၃၂၁၀	၃၀၀၀
95 Ron	၂၈၀၅	၂၈၉၅	၂၈၀၅	၂၈၂၅	၂၈၉၅	၂၉၁၀	၂၉၂၀	၂၈၀၅	၃၀၀၅	၃၀၃၅	၂၈၈၅	၂၉၀၀	၂၉၃၀	၂၉၂၀	၂၉၃၀	၃၃၄၀	၃၃၅၀
HSD (500 ppm)	၂၄၈၅	၂၄၆၀	၂၄၇၀	၂၄၉၀	၂၄၆၀	၂၄၇၅	၂၄၅၀	၂၄၈၅	၂၅၀၅	၂၄၇၅	၂၄၆၅	၂၄၆၅	၂၅၀၀	၂၄၈၅	၂၅၀၀	၃၀၀၅	၃၀၃၀
HSD (50 ppm)	၂၉၃၅	၂၉၉၀	၂၉၇၀	၂၉၂၅	၂၉၉၅	၃၀၀၅	၃၀၁၅	၂၉၇၅	၃၀၀၅	၃၀၃၅	၂၉၈၀	၂၉၉၅	၃၀၃၀	၃၀၂၀	၃၀၃၀	၃၄၄၀	၃၄၅၀
HSD (10 ppm)	၂၉၃၅	၂၉၉၀	၂၉၇၀	၂၉၂၅	၂၉၉၅	၃၀၀၅	၃၀၁၅	၂၉၇၅	၃၀၀၅	၃၀၃၅	၂၉၈၀	၂၉၉၅	၃၀၃၀	၃၀၂၀	၃၀၃၀	၃၄၄၀	၃၄၅၀

ကျပ်/လီတာ မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၄၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၅၄၀	၂၆၂၄
95 Ron	၂၆၆၈	၂၇၅၅
HSD (500 ppm)	၂၃၄၄	၂၄၂၁
HSD (50 ppm)	၂၇၆၁	၂၈၄၆
HSD (10 ppm)	၂၇၆၁	၂၈၄၆

❏ **နိုင်ငံဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

❖ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ချင်းတောင်ဟိုင်အလ်အဖွဲ့ (Qingdao Haier Group)သို့ ရောက်ရှိရာ ဒုတိယဥက္ကဋ္ဌနဲ့ကြားရေးမှူးချုပ် မစ္စတာ လျူဒလင် (Mr. Liu Dalin) နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

လိုက်လံရှင်းလင်းပြသ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် Haier Group အတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက ဟိုင်အလ်အဖွဲ့ဆိုင်ရာ အချက်အလက်များ၊ Haier Group မှ ထုတ်လုပ်သည့် နည်းပညာမြင့် ခေတ်မီအီလက်ထရွန်နစ်ပစ္စည်းများ၊ ကျန်းမာရေးဆိုင်ရာ နည်းပညာမြင့် စက်ပစ္စည်းများ၊ မော်တော်ယာဉ်များ၊ တန်ဖိုးမြင့်မားသည့် ကမ္ဘာလုံးဆိုင်ရာ ထိပ်တန်းအမှတ်တံဆိပ်များတွင် နံပါတ် ၁ အဖြစ် ခုနစ်နှစ်ဆက်တိုက် ရပ်တည်ခဲ့မှု အခြေအနေနှင့် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည့် အစီအမံများကို လိုက်လံရှင်းလင်းပြသကြသည်။





လှည့်လည်ကြည့်ရှုလေ့လာ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ချင်းတောင်ဟိုင်အလ်အဖွဲ့ (Qingdao Haier Group) အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

အပြန်အလှန်ပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ချင်းတောင်ဟိုင်အလ်အဖွဲ့ (Qingdao Haier Group)ကို ၁၉၈၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ပိုမိုကောင်းမွန်သည့် လူနေမှုဘဝနှင့် ဒစ်ဂျစ်တယ်အသွင်ပြောင်းလဲမှုတို့အတွက် ကမ္ဘာ့ထိပ်တန်းဖြေရှင်းမှုများကို ထောက်ပံ့ပေးလျက်ရှိသည်။ ဟိုင်အလ်အဖွဲ့သည် ခေတ်ဆန်သော လူနေမှုနှင့် စက်မှုလုပ်ငန်းသုံး အင်တာနက် စသည့်အဓိကလမ်းကြောင်းနှစ်ခုကို တည်ထောင်ထားပြီး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုစင်တာ ၁၀ ခု၊ သုတေသနအဖွဲ့အစည်း ၇၁ ဖွဲ့၊ စက်မှုဥယျာဉ် ၃၅ ခု၊ ကုန်ထုတ်လုပ်မှုစင်တာ ၁၄၃ ခုနှင့် ကမ္ဘာတစ်ဝန်းတွင် အရောင်းကွန်ရက်ပေါင်း ၂၃၀၀၀ ကို တည်ထောင်ထားရှိကြောင်း သိရသည်။

ကြိုဆိုနှုတ်ဆက်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် Hisense ချင်းတောင်သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုစင်တာ (Hisense Qingdao Research and Development Center) သို့ရောက်ရှိရာ ဒုတိယမန်နေဂျာ မစ္စချန်ဆိုင်ချာ(Ms. Zhen Cai Xia) နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

လှည့်လည်ကြည့်ရှုလေ့လာ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် စင်တာအတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက Hisense စင်တာ၏နောက်ခံသမိုင်းအကျဉ်းနှင့် Hisense အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သည့် နည်းပညာမြင့် ခေတ်မီအီလက်ထရွန်နစ်ပစ္စည်းများ၊ နည်းပညာများဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ ထုတ်ကုန်အသစ်နှင့် စက်မှုအဆင့်မြှင့်တင်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

မေးမြန်းဆွေးနွေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ချင်းတောင်သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုစင်တာသည် Hisense ၏ ကမ္ဘာလုံးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုရုံးချုပ်ဖြစ်ပြီး ချင်းတောင်မြို့ လာရှန်ခရိုင်တွင်တည်ရှိကာ ကုန်းမြေဧရိယာ ၂၂၇၀၀၀ စတုရန်းမီတာရှိသည်။ *စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဒုတိယဥက္ကဋ္ဌနဲ့ကြားရေးမှူးချုပ် မစ္စတာ လျူဒလင်တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

စာမျက်နှာ ၃ မှ

ယင်းဧရိယာအတွင်း တီဗွီနှင့် ဆက်သွယ်ရေးကို အဓိကထားသည့် အီလက်ထရွန်နစ်သတင်းအချက်အလက်လုပ်ငန်း၊ ပို့ဆောင်ရေး၊ ကျန်းမာရေးနှင့် လူနေအိမ်တို့ကို အဓိကထားသည့် စက်မှုနည်းပညာအချက်အလက်လုပ်ငန်း၊ ရေခဲသေတ္တာ၊ လေအေးပေးစက်၊ အဝတ်လျှော်စက်၊ မီးဖိုချောင်နှင့် ရေချိုးခန်းအသုံးအဆောင်များ စသည်တို့ကို အဓိကထားသည့် အိမ်သုံးပစ္စည်းလုပ်ငန်းဟူ၍ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုဧရိယာ သုံးခု ခွဲခြားပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ သုတေသနပြုရာမှ ရရှိလာသည့် နည်းပညာ၊ နည်းစနစ်များနှင့်အညီ ထုတ်ကုန်ပစ္စည်းများကို သုံးစွဲသူများ၏ လိုလားချက်များနှင့် ကိုက်ညီအောင် အဆင့်မြှင့်တင်ထုတ်လုပ်လာနိုင်မှုကြောင့် ၂၀၂၃ ခုနှစ်တွင် Hisense သည် နှစ်စဉ်ဝင်ငွေ ယွမ် ၂၀၁ ဒသမ ၇ ဘီလီယံနှင့် စုစုပေါင်းအမြတ် ယွမ် ၁၃ ဒသမ ၇ ဘီလီယံဖြင့် တည်ငြိမ်သောတိုးတက်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် အမြတ်ဝင်ငွေ ၁၁ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ချင်းတောင်မြို့ မြို့တော်ဝန် Mr. Zhao Haozhi က Qingdao Sea View Garden Hotel ၌ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ Hisense ချင်းတောင်သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုစင်တာအတွင်း လှည့်လည်လည်ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဒုတိယမန်နေဂျာ မစ္စချန်ဆိုင်ချာတို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ချင်းတောင်မြို့ မြို့တော်ဝန် Mr. Zhao Haozhi က နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။

ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)သို့ လက်ဆွဲကောက်စိုက်စက်များ ထောက်ပံ့ပေးအပ်

ပဲခူး ဇူလိုင် ၉

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် မိုးစပါးစိုက်ကေများ ပန်းတိုင် အထွက်နှုန်းပြည့်မီစေရေး ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း)သို့ လက်ဆွဲကောက်စိုက်စက်များ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၉ ရက် နံနက်က ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း စပါးသီးနှံအပါအဝင် သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး ဆောင်ရွက်ရာတွင် မြေဧရိယာ တိုးချဲ့စိုက်ပျိုးခြင်းထက် ပိုမို လက်တွေ့ကျသည့် တစ်ကေအထွက်နှုန်း တိုးတက်ရေး၊ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအား တိုးတက်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း စပါးအများဆုံး စိုက်ပျိုးသည့် မိုးရာသီတွင် မိုးစပါး စုစုပေါင်းစိုက် ဧက ၂၆ ဒသမ ၉၈ သိန်း ကျော်စိုက်ပျိုးခဲ့ရာ ဧက ၁၂ ဒသမ ၇၅ သိန်း စိုက်ပျိုးရေးဒေသ၏ ၄၃ ဒသမ ၂၃ ရာခိုင်နှုန်း ကျော်သည် ပန်းတိုင်အထွက်နှုန်းရရှိထားခဲ့ပြီးဖြစ်ကြောင်း၊ ယခုလာမည့် ၂၀၂၄-၂၀၂၅ ခုနှစ် ရာသီတော် မိုးစပါးစိုက်ကေများမှ ပန်းတိုင်အထွက်နှုန်း ၁၇ ဒသမ ၆ သိန်းကျော် တိုးတက်ရရှိနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိသဖြင့် ယခုလို စိုက်နည်းစနစ်များ ပြောင်းလဲနိုင်ရေး လက်ဆွဲကောက်စိုက်စက်များ ဖြန့်ဝေပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း)ရှိ ပဲခူးခရိုင် အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုး၊ ညောင်လေးပင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးနှင့် တောင်ငူခရိုင် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်တို့ထံသို့ လက်ဆွဲ ကောက်စိုက်စက် ၅၂ စီးကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးက လက်ဆွဲကောက်စိုက်စက် အသုံးပြုစိုက်ပျိုးရာတွင် လိုအပ်သည့် ပျိုးထောင်နည်းစနစ်၊ တမန်းပြုပြင်ခြင်း၊ ရေသွင်း/ရေထုတ် မှန်ကန်စွာ ဆောင်ရွက်သွားရမည့် သိကောင်းစရာများကို လည်းကောင်း၊ လက်ဆွဲကောက်စိုက်စက် ထုတ်လုပ်သည့် Agro Future Mynamar Co., Ltd မှ တာဝန်ခံ ဦးသိန်းထိုက်လင်းက လက်ဆွဲကောက်စိုက်စက် အသုံးပြုခြင်း၏ ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒေသခံပြည်သူများနှင့် အတူ လက်ဆွဲကောက်စိုက်စက်များနှင့် Agro Future Mynamar Co., Ltd မှထုပ်မံထုတ်လုပ်ထားသည့် ဆေးဖျန်းစက် (Boom Sprayer)နှင့် ဘက်စုံသုံးမျိုးစေ့ချစက်များကို လှည့်လည်ကြည့်ရှုသည်။ **(ဝဲပုံ) တိုင်းဒေသကြီး(ပြန်/ဆက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ၏ စိမ်းလန်းသော ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်သို့တက်ရောက်ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ၆လိုင် ၉

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ၏ စိမ်းလန်းသောဖွံ့ဖြိုးတိုးတက်မှုဖိုရမ်သို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ချင်းတောင်လေဆိပ်မှ လေကြောင်းခရီးဖြင့် ကူမင်းမြို့သို့ထွက်ခွာရာ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ စစ်သံမှူး ဗိုလ်မှူးချုပ် ဇော်ဇော်နိုင်၊ ချင်းတောင်မြို့နိုစီပယ်ဒေသ တရုတ်ကွန်မြူနစ်ပါတီ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် မစ္စ လင်ပင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ည ၈ နာရီ ၁၅ မိနစ်တွင် ကူမင်းမြို့သို့ရောက်ရှိကြရာ ယူနန်ပြည်နယ်ပြည်သူ့အစိုးရနိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာ ကျန်းရှစ်ကျင်း (Mr.Zhang Shijin)၊ ကူမင်းကောင်စစ်ဝန်ချုပ် ဦးသွင်ထက်လင်းနှင့် တာဝန်ရှိသူများက ကူမင်းလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လေကြောင်းခရီးဖြင့် ကူမင်းမြို့မှ ဆက်လက်ထွက်ခွာရာ ညဦးတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဌေး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားကြသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့် အရာရှိကြီးများလည်း ပြန်လည်လိုက်ပါလာခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့၏ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုး

နေပြည်တော် ၆လိုင် ၉

နေပြည်တော် ကောင်စီနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့၏ ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ဥတ္တရသီရိမြို့နယ်ရှိ ချောင်းမကြီးဆည်၊ သပြေစမ်းဆည်၊ မြောက်ပိန်းဆည်နှင့် တောင်ပိန်းဆည်တို့၏ ရေဝေရေလဲဧရိယာဖြစ်သော မိုးဇောင်းတောင်ပေါ်၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာများ၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော် စည်ပင်သာယာရေး ကော်မတီတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးက မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် မတော်ဂနီပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်၊ နေပြည်တော် ကောင်စီနှင့် နေပြည်တော် စည်ပင်သာယာရေး ကော်မတီတို့မှ ဌာနဆိုင်ရာ အကြီးအကဲများက သတ်မှတ် နေရာများတွင် သစ်ပင်ပန်းပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်း၍ ကုက္ကို၊ ကေရာခ်၊ ကျွန်း၊ သစ်ပိတောက်၊ ယင်းမာ၊ မန်ကျန်ရှားနှင့် မန်ကျည်း စုစုပေါင်းအပင် ၂၀၀၀ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

ယင်းနောက် နေပြည်တော် ကောင်စီနှင့် နေပြည်တော် စည်ပင်သာယာရေး ကော်မတီ နာယက၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌသည် ဝဏ္ဏသိဒ္ဓိ အားကစား လေ့ကျင့်ရေးကွင်း(၁) ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၀ အောက် အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲအပြီးတွင် နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယ မြို့တော်ဝန်နှင့် နေပြည်တော်ကောင်စီဝင်များက အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား မီတာ ၈၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး လေးယောက်တွဲ မီတာ ၁၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲနှင့် အမျိုးသား လေးယောက်တွဲ မီတာ ၁၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲတို့တွင် ဆုရရှိသည့် အားကစားသမားများကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နေပြည်တော် အားကစားနှင့် ကာယပညာ ကော်မတီ နာယက၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌက အမျိုးသမီး တံခွန်စိုက်ဆုရရှိသည့် ဒကို့ဏာသီရိမြို့နယ် အသင်း၊ အမျိုးသား တံခွန်စိုက်ဆုရရှိသည့် ပုဗ္ဗသီရိမြို့နယ်အသင်းနှင့် စုပေါင်းတံခွန်စိုက်ဆုရရှိသည့် ပုဗ္ဗသီရိမြို့နယ် အသင်းတို့ကို တံခွန်စိုက်ဖလား များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နေပြည်တော် ကုန်ဈေးနှုန်း တည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌ နေပြည်တော် ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနား ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ကျင်းပသည့် နေပြည်တော် အတွင်း ကုန်ဈေးနှုန်းတည်ငြိမ်ရေး နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက် ရောက်ပြီး နေပြည်တော်အတွင်း အခြေခံ စားသုံးသူပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဆန် များဝယ်ယူစားသုံးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်များအလိုက် အထိုင်ရောင်းချခြင်း၊ Mobile ရောင်းချခြင်းစနစ်ဖြင့် ဆန်များကို နေ့စဉ် ရောင်းချပေးလျက်ရှိ ကြောင်း၊ နေပြည်တော်အတွင်းရှိ ဆန်လုပ်ငန်းရှင်များ၊ ဆန်စက် ပိုင်ရှင်များ၊ ဆန်ဆိုင်များအနေ ဖြင့် ရည်ညွှန်းဈေးနှုန်းအတိုင်း ရောင်းချစေရေး ကြပ်မတ်ဆောင် ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း စားသုံးဆီဖူလုံစေရေးနှင့် ဆီစက် လုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက် ရေးအတွက် စဉ်ဆက်မပြတ် ကြပ်မတ် ဆောင်ရွက်လျက်ရှိ ကြောင်း၊ စက်မှုဇုန်များ ဖွံ့ဖြိုး တိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေ ရေး၊ နိုင်ငံတော်အတွက် ရသင့် ရထိုက်သော အခွန်အခများကို ပြည့်ဝစွာ ထမ်းဆောင်နိုင်ရေးတို့ကို ပိုင်းဝန်းပူးပေါင်း အကောင်အထည် ဖော် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နေပြည်တော် ကုန်ဈေးနှုန်း တည်ငြိမ်ရေး ကော်မတီအတွင်းရေးမှူး စားသုံး သူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး နှင့် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက နေပြည်တော် အတွင်း ကုန်ဈေးနှုန်းတည်ငြိမ် စေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက် ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍ အလိုက် ဆွေးနွေးတင်ပြကြ ရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက တင်ပြချက် များနှင့်စပ်လျဉ်း၍ လိုအပ်သည် များကိုဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၉-၇-၂၀၂၄)၊ ည (၁၀:၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ ဆေးရုံတက်ရောက်မှုများနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၉-၇-၂၀၂၄) ရက်နေ့၊ နံနက် (၆:၀၀)နာရီမှ ညနေ (၆:၀၀) နာရီအထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာသစ် (၆၄) ဦးရှိခဲ့ပြီး ၎င်းတို့အနက် (၇) ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူလူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၉-၇-၂၀၂၄)ရက်နေ့၊ ညနေ (၆:၀၀) နာရီအထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သော လူနာ စုစုပေါင်း (၁၃၀)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါကူးစက်ဖြစ်ပွားမှုမှာ စတင်လျော့ကျလျက်ရှိကြောင်းနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ညောင်ဦးမြို့၌ရေဘေးသင့်အိမ်ထောင်စုများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့

ညောင်ဦး ဇူလိုင် ၉



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့၌ ဇရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေဝင်ရောက်သည့် ညောင်ဦးမြို့ အမှတ်(၅)ရပ်ကွက် သီလရင်စုရပ်ရှိ ရေဘေးသင့် အိမ်ထောင်စုများအား အန္တရာယ်ကင်းဝေးစေရန်နှင့် စိတ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီခွဲက ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးရဲမင်းထွန်း ဦးဆောင်သော ရာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ချက်ချင်း သွားရောက်ပြီး ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးသည်။ (ယာဝို)

ထိုသို့ ရေဘေးသင့် အိမ်ထောင်စုများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးရာတွင် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးရဲမင်းထွန်း ဦးဆောင်သော ရာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များ၊ ညောင်ဦးမြို့အမှတ်(၅)အရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ညောင်ဦးမြို့အမှတ်(၅) ရပ်ကွက် သီလရင်စုရပ်ရှိ ရေဘေးသင့်အိမ်ထောင်စုဝင်းစုအား အဆိုပါရပ်ကွက်ရှိ ရေဘေးလွတ်ရာ မြသိန်းတန်မမ္မာရုံသို့ စနစ်တကျ ကူညီရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။ ရဲဝင်းနိုင် (ညောင်ဦး)



ပြည်မြို့၌ ရေပြင်အသက်ကယ်သဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်

ပြည် ဇူလိုင် ၉

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ နဝဒေးတံတား မြောက်ဘက် ပန်းခြံအနီး၌ ယနေ့နံနက်က ရေပြင်အသက်ကယ် သဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်မှုပြုလုပ်သည်။

အဆိုပါ သရုပ်ပြပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ခရိုင်နှင့် ပြည်မြို့နယ်အတွင်းမှ သန္ဓေနှင့်အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်မြို့နယ်အတွင်းမှ ပရဟိတအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ချီတက်အလေးပြုကြပြီး ရေကြီးမှုအန္တရာယ်များကင်းဝေးစေရေး လိုက်လံသတိပေးကြေညာခြင်း၊ ရာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များ ကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြခြင်း၊ EMS အဖွဲ့၏ အရေးပေါ်ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုကို ရာဖွေကယ်ဆယ်ရေး အဖွဲ့များနှင့် ပရဟိတအဖွဲ့များက စုပေါင်းဆောင်ရွက် သရုပ်ပြနေမှုအား တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ကိုစိုး(ပြန်/ဆက်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၉- မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကလေးဝမြို့တွင် ၅ ဒသမ ၇၁ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ နမ့်စန်မြို့(ရှမ်းပြည်နယ် တောင်ပိုင်း)တွင် ၂ ဒသမ ၄၉ လက်မ၊ ဟားခါးမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ကျိုက်မရောမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ ဖလမ်းမြို့တွင် ၁ ဒသမ ၈၉လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ ကလေးမြို့တွင် ၁ ဒသမ ၆၉ လက်မ၊ အင်္ဂပူမြို့တွင် ၁ ဒသမ ၅၀ လက်မနှင့် ကွမ်းခြံကုန်းမြို့တွင် ၁ ဒသမ ၄၂ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ



ကျောက်ဆည်မြို့နယ်၌ နွေစပါး စံကွက်ရိတ်သိမ်း၊ တစ်ကေလျှင် အစိုတင်း ၁၅၀ နှုန်းထွက်ရှိ

ကျောက်ဆည် ဇူလိုင် ၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အင်ဒိုင်းကျေးရွာအုပ်စု ကွင်းအမှတ် (၁၄၉) ရှိ တောင်သူဦးအေးလွင်၏ နွေစပါး GW-11 ၁ ဒသမ ၀၀ ဧက စံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့က ပြုလုပ်ခဲ့သည်။



စံကွက် ရိတ်သိမ်းပွဲသို့ ကျောက်ဆည်ခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးချစ်ဆွေဦးနှင့် ခရိုင် စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်း မှုကော်မတီဝင်များ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးမြင့်အောင်နှင့်ဝန်ထမ်းများ၊ ဒေသခံတောင်သူများက ကြည့်ရှုအားပေးသည်။ အဆိုပါ စံကွက်တွင် နွေစပါး တစ်ကေလျှင် အစိုအထွက်နှုန်း တင်း ၁၅၀ ထွက်ရှိခဲ့ကြောင်း သိရသည်။

စပါးတစ်ကေ ပန်းတိုင်အထွက်နှုန်းတင်း ၁၀၀ ကျော်ထွက်ရှိရေး အတွက် တောင်သူများ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို လေ့လာသိရှိနိုင်ရန် နွေစပါးစံကွက် ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲကို ပြုလုပ်ဆောင်ရွက်ခြင်း ဖြစ်သည်။ ကျောက်ဆည်မြို့နယ်တွင် နွေစပါး စုစုပေါင်းစိုက်ကေ ၂၃၁၀ စိုက်ပျိုးကြောင်း သိရသည်။

မောင်ကျော်ကြီး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာဗု)

တွေ့ဆုံစဉ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်



နိုင်ငံခြားရေးဝန်ကြီးဌာန ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားနေသော ဝန်ထမ်း သား သမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်



နေပြည်တော် ဇူလိုင် ၉

နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သား/ သမီးများ ဆုချီးမြှင့်ခြင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားနေသော ဝန်ထမ်း သား/သမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ လောကနတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် ဆုရရှိသည့် ဝန်ထမ်းသား/သမီးများ စုံညီစွာတက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အမှာစကားပြောကြား ပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာ မူလတန်းအဆင့်မှ တက္ကသိုလ်အဆင့် အထိ တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၃၂ ဦးအတွက် ပညာသင်ထောက်ပံ့ကြေးများပေးအပ်ကာ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူ လေးဦးကို ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

စဉ့်ကိုင်မြို့နယ်၌ အသက် (၁၈)နှစ်နှင့်အထက် စတုတ္ထအကြိမ်(မူကြမ်း) စာရင်းစစ်ဆေးခြင်း ဆောင်ရွက်

စဉ့်ကိုင် ဇူလိုင် ၉

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ အသက် (၁၈)နှစ်နှင့်အထက် စတုတ္ထအကြိမ်(မူကြမ်း) စာရင်းစစ်ဆေးခြင်းနှင့် ကွန်ပျူတာဖြင့် စာရင်းများ ထည့်သွင်းခြင်းလုပ်ငန်းများ မှားယွင်းမှုမရှိစေရေး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားနှင်ကြီးဌာန စဉ့်ကိုင်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများပူးပေါင်းပြီး ဇူလိုင် ၄ ရက်မှစတင်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်နေမှုကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



အိမ်မဲမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးနှင့် သားဖွားခန်း၊ ခွဲစိတ်ခန်းပါ တိုးချဲ့နှစ်ထပ်ဆောင်သစ်ဖွင့်ပွဲကျင်းပ

အိမ်မဲ ဇူလိုင် ၉

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အထက်ပိုင်းရပ်ကွက်ရှိ ခုတင် (၅၀)ဆံ့ မြို့နယ်ပြည်သူ့ကျန်းမာရေးဆေးရုံတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနရုံးနှင့် သားဖွားခန်း၊ ခွဲစိတ်ခန်းပါ တိုးချဲ့နှစ်ထပ်ဆောင်သစ် ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာမိုးခိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ မျိုးကျော်အောင်တို့က အဆောက်အဦသစ်ကြီးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ (အပေါ်ပုံ) ကမ္မည်းကျောက်စာအား အမွေးနံသာရည်ပက်ဖျန်း၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အဆောက်အဦသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနရုံး၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။


ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာ မျိုးကျော်အောင်က ကျေးဇူးတင်စကားပြောကြားပြီး အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ချစ်သက်လယ် (ပြန်/ဆက်)

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာ ဒါဘာ ဒက်ဘ်အီးလ် ဟွန်းဒ် ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၉

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တိုက္ကျွိုမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာ ဒါဘာ ဒက်ဘ်အီးလ် ဟွန်းဒ် ကို ယနေ့ဇွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား တိုက္ကျွိုမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွန်အပ်ခြင်းခံရသော အီသီယိုပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်တာဝန်ပေးအပ်ခြင်း ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး မစ္စတာ ဒါဘာ ဒက်ဘ်အီးလ် ဟွန်းဒ်က ၎င်း၏ သံအမတ် ခန့်အပ်လွှာမိတ္တူကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ထံသို့ ဆွေးနွေးကြသည်။ ပေးအပ်သည်။ **(ယာပုံ)**

အမြင်ချင်းဖလှယ်ဆွေးနွေး

ဆက်လက်၍ မြန်မာ - အီသီယိုပီးယား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

သီးခြားစီလက်ခံတွေ့ဆုံ

ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည်လည်း မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာ ဒါဘာ ဒက်ဘ်အီးလ် ဟွန်းဒ် အား နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံခဲ့သည်။

သတင်းစဉ်

နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးမွေးမြူရေးအခြေခံသည့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကို ပထမဦးစားပေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၉

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ပဉ္စမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) ကို ယနေ့နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနခွဲ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီးများ၊ ကော်မတီဝင်များနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။

ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ရှိသည့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုသာ နိုင်ငံ့စီးပွားဖွံ့ဖြိုးလာစေမည်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးမွေးမြူရေးအခြေခံသည့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကို ပထမဦးစားပေး ဆောင်ရွက်လျက်ရှိပြီး ဒုတိယဦးစားပေးအနေဖြင့် အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီကို ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ကော်မတီအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒများချမှတ်ခြင်း၊ နှစ်စဉ် နှစ်တို့/နှစ်ရှည်စီမံကိန်းရေးဆွဲခြင်း၊ တာဝန်ပေးအပ်ခြင်း၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊



ကျေးလက်နေ ပြည်သူများ၏ အလုပ်အကိုင်နှင့် ဝင်ငွေတိုးတက်ရရှိနိုင်ရန် အရင်းမပျောက် မတည်ရန်ပုံငွေ ထူထောင်ပေးခြင်း၊ ကြီးကြပ်မှုကော်မတီများဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း စသည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး ရည်မှန်းချက်များ ပြည့်မီစေရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် တွန်းအားပေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ကျေးလက်ဒေသရှိ စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူများအတွက် လိုအပ်လျက်ရှိသည့် သွင်းအားစုနှင့် ငွေကြေးအရင်းအနှီးများ ထောက်ပံ့ပေးခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်လာနိုင်အောင် သုတေသနလုပ်ငန်းများနှင့် စွေးကွက်ချိတ်ဆက်ရေးကိစ္စရပ်များ ဆောင်ရွက်ပေးခြင်း၊ ကျေးလက်အခြေခံအဆောက်အအုံ လုပ်ငန်းများဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ လျှပ်စစ်စီးရရှိရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းအပြင် ကျေးလက်နေပြည်သူများ၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားအောင်ဆောင်ရွက်ပေးခြင်း စသည့် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို အထူးအလေးထား ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးက နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး ရည်မှန်းချက်များ ပြည့်မီအောင် ပိုမိုပူးပေါင်း ချိတ်ဆက်ဆောင်ရွက်ကြရေး ကိစ္စရပ်များကိုလည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီအစည်းအဝေး (၂/၂၀၂၃)ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ကော်မတီဝင်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းကဏ္ဍများအလိုက် ညှိနှိုင်းဆွေးနွေးရမည့် အချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကော်မတီဝင်များနှင့် ဘာသာရပ်ဆိုင်ရာပညာရှင်များက သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြဆွေးနွေးကြရာ ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် လုပ်ငန်းနှင့် ရန်ပုံငွေလျာထားခြင်း ကိစ္စရပ်များအပေါ် ဖြည့်စွက်ဆွေးနွေးကြသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ကော်မတီဝင်ဆက်စပ်ဝန်ကြီးဌာနများမှ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအနေဖြင့် ကျေးလက်လမ်းလုပ်ငန်းများကို လမ်းအရှည် ၂၂၃/၃ ဒသမ ၀၈ မိုင်၊ တံတား ၃၁၅ စင်း ပေ ၆၅၅၀၀၊ ကျေးလက်ရေရှိရေး လုပ်ငန်းပေါင်း ၂၉၄၁ ခု၊ ကျေးလက်မီးလင်းရေးလုပ်ငန်းကို တစ်အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးရွာ ၉၂၇ ရွာ၊ အိမ်ခြေ ၄၄၈၉၆၊ အသေးစားဓာတ်အားပေးလုပ်ငန်းဖြင့် ကျေးရွာ ၁၃ ရွာ၊ အိမ်ခြေ ၂၄၁၅၊ မဟာဓာတ်အားလိုင်းစနစ်ဖြင့် ကျေးရွာ ၉၂၇ ရွာ၊ အိမ်ခြေ ၁၆၈၅၀၊ မဟာဓာတ်အားလိုင်း (Off-grid) အနေဖြင့် လျှပ်စစ်သွယ်တန်းခြင်း ၀/၀ ဒသမ ၅၆ မိုင်၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းအကြိမ်ရေ ၁၈၆၃ ကြိမ်၊ သင်တန်းသားဦးရေ ၃၇၅၂၆ ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၁၃၆၈ ဦး အလုပ်အကိုင် ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဓောတ်မီစပြုကျေးရွာထူထောင်ခြင်းလုပ်ငန်း ၄၅ ရွာ၊ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း ၅၂ ယူနစ်၊ မြစ်မိုးရောင်စီမံကိန်း ၂၄၅ ယူနစ်၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ၁၈၆၄ ရွာ၊ Cash for Work စီမံကိန်း ၉၈ ရွာတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးအသိပညာပေး

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို မြို့နယ်အတွင်းရှိ စျေးများ၊ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်များအတွင်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်အတွင်းရှိ ရပ်ကွက်နေပြည်သူများအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို သိရှိလိုက်နာစေရန် ယမန်နေ့ နံနက်က အသံချဲ့စက်များ၊ လက်ကိုင်စပီကာများဖြင့် လှည့်လည်အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ကြကြောင်း သိရှိရသည်။

မြို့နယ် (ပြန်/ဆက်)

မြန်မာ – ရုရှားနှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်သည့် မြန်မာ – ရုရှားနှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲကို ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ရှိ မီတာ ၆၀၀ အာဆီယံ စက်ပစ်ကွင်း၌ ဇူလိုင် ၇ ရက်မှ ၉ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်ရုံးမှ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ် အောင်မျိုးသန်းနှင့် အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ရုရှားနိုင်ငံ ရုရှားတပ်မတော် သေနတ်ပစ်အသင်းမှ အဖွဲ့ခေါင်းဆောင် Major Mikhail GLADYSHEV၊ နည်းပြအရာရှိများနှင့် ပြိုင်ပွဲဝင် ဗိုလ်လောင်းများ တက်ရောက်ကြသည်။



ဖွင့်ပွဲအခမ်းအနားတွင် အလံတော်အဖွဲ့က မြန်မာ – ရုရှား နှစ်နိုင်ငံအလံကို စက်ပစ်ကွင်းအတွင်း သယ်ဆောင်ကာ နှစ်နိုင်ငံအလံအား လွှင့်ထူပြီး အလေးပြုကြကာ အခမ်းအနားကို ဖွင့်လှစ်သည်။ ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများဖြစ်ကြသော မြန်မာ-ရုရှား နှစ်နိုင်ငံဗိုလ်လောင်းများသည် သေနတ်ပစ်ပြိုင်ပွဲ အခမ်းအနားကျင်းပရာ စက်ပစ်ကွင်းအတွင်း နေရာယူကြပြီး ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်က အဖွင့်အမှာစကားပြောကြား၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မီတာ ၃၀၀ ဗိုလ်လောင်းရိုင်ဖယ်ပစ်ပြိုင်ပွဲ၊ ၂၅ မီတာ ဗိုလ်လောင်းပစ္စတိုပစ်ပြိုင်ပွဲတွင် အသင်းလိုက်ပစ်ခတ်စဉ်များ၊ တစ်ဦးချင်း ပစ်ခတ်စဉ်များဖြင့် ပြိုင်ပွဲအမျိုးအစားအလိုက် သုံးရက်ကြာ ယှဉ်ပြိုင်ခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် ဝိတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကိုကျင်းပပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများနှင့် အသင်းလိုက်ဆုရရှိကြသူများကို တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြပြီး (အပေါ်ပုံ) ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာပြီး နှစ်နိုင်ငံတာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် ဗိုလ်လောင်းများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ဆက်လက်၍ မြန်မာ-ရုရှား နှစ်နိုင်ငံအလံအား အလံတော်အဖွဲ့က အလံချအခမ်းအနားပြုလုပ်ပြီး ပြိုင်ပွဲကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

အဆိုပါ မြန်မာ-ရုရှား နှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲကို မြန်မာ-ရုရှားနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်၊ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်စေရန်၊ နှစ်နိုင်ငံဗိုလ်လောင်းများ ချစ်ကြည်ရင်းနှီးမှုပိုမို ရရှိစေရန်နှင့် နှစ်နိုင်ငံသေနတ်ပစ် အားကစားနည်း စနစ်ဖလှယ်နိုင်ရန်အတွက် ရည်ရွယ်၍ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မြန်မာ-ရုရှားနှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲသို့ တက်ရောက်လာကြသော ရုရှား သေနတ်ပစ်အသင်းမှ အဖွဲ့ခေါင်းဆောင် Major Mikhail GLADYSHEV နှင့် နည်းပြအရာရှိများ၊ ပြိုင်ပွဲဝင်ဗိုလ်လောင်းများသည် ဗထူးတပ်မြို့သို့ ရောက်ရှိစဉ် ဓူဋ္ဌမုနိကုသိုလ်တော်ဘုရား၊ ဗထူးစမ်းနှင့် ရပ်စောက်မြို့မဈေးသို့ သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လွိုင်ကော်မြို့ လွယ်ထွဲကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

နေပြည်တော် ဇူလိုင် ၉

ကယားပြည်နယ် လွိုင်ကော်မြို့ လွယ်ထွဲကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ သုဝဏ္ဏရာမ လွယ်ထွဲကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံ ပြည်သူ ၂၁၀ တို့ကို သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ အရေပြားရောဂါ၊ ခါးနာရောဂါ၊ အထွေထွေရောဂါ တို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေး ခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သော လူနာများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ် ဆောင်ရွက်ပေးသည်။



ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များက သွားရောက် ကြည့်ရှုအားပေးပြီး သုဝဏ္ဏရာမ လွယ်ထွဲကျောင်း ကျောင်းထိုင် ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်း သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လွယ်ထွဲကျေးရွာရှိ ဒေသခံပြည်သူများကို တွေ့ဆုံ အားပေးစကားပြောကြားပြီး ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

▼ *ကျောဖုံးမှ*

မြန်မာအမျိုးသမီးအသင်း နည်းပြချုပ်ဖြစ်သူ ဂျပန်နိုင်ငံသား ယုကိတက်ဆုရိုသည် ပွဲထွက်လူစာရင်းတွင် မျိုးမြမြငြိမ်း (ဂိုး)၊ မေသက်မွန်မြင့်၊ ရူပါခိုင်၊ ယုယုနိုင်၊ ဇွန်ယုယဦး၊ နော်ထက်ထက်ဝေ၊ ဖြူဖြူဝင်း၊ ယဉ်လွန်းအိမ်၊ စန်းသော်သော်၊ ရွှေရည်ထွန်း၊ ဝင်းသိဂီထွန်းတို့ကို အသုံးပြုခဲ့သည်။ နိုင်ငံတကာပွဲများနှင့် အဆက်ပြတ်နေသည့် မြန်မာအသင်းသည် ပွဲအစတွင် ရုန်းကန်ခဲ့ရသော်လည်း ပွဲစကတည်းက တိုက်စစ်ဦးစားပေးကစားခဲ့သလို အိန္ဒိယအသင်းကလည်း ခံစစ်မကစားဘဲ အပြန်အလှန်တိုက်စစ်ဆင်ကစားခဲ့သည်။ ၁၃ မိနစ်တွင် မြန်မာအသင်း ဦးဆောင်ဂိုးရခဲ့ပြီး ဝင်းသိဂီထွန်းက ထောင့်ကန်ဘောကို ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးရနိုင်သည့်အခွင့်အရေးများရသော်လည်း အသုံးမချနိုင်သဖြင့် ပထမပိုင်းအပြီးတွင် မြန်မာအသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ပထမပိုင်းကတည်းက ချေပဂိုးရရန် နီးစပ်ခဲ့သည့် အိန္ဒိယအသင်းသည် ၅၇ မိနစ်တွင် ချေပဂိုးပြန်ရခဲ့ပြီး ပီယာရီက သွင်းယူခဲ့ခြင်းဖြစ်သည်။ သရေကျပြီးနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ပိုရိုလာပြီး ၇၄ မိနစ်တွင် စန်းသော်သော်က မြန်မာအသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့သည်။

မြန်မာအသင်းနှင့် အိန္ဒိယအသင်းတို့၏ ဒုတိယခြေစမ်းပွဲကို ဇူလိုင် ၁၂ ရက်တွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး

မော်လိုက်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ကူညီရွှေ့ပြောင်း

နေပြည်တော် ဇူလိုင် ၉

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်ကာ ခန္ဓီးမြို့နယ်နှင့် မော်လိုက်မြို့နယ်တို့အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မော်လိုက်မြို့နယ် ကျောက်တောင်ရပ်ကွက်၊ တံတားဦးရပ်ကွက်၊ ကျောက်မြောင်းရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်၊ သရက်ကုန်းရပ်ကွက်၊ စွယ်တော်ရပ်ကွက်၊ ညောင်ပင်သာရပ်ကွက်၊ တွန်းပင်ကျေးရွာနှင့် တိန်းသာကျေးရွာတို့ရှိ ရေဘေးသင့်ပြည်သူများအား ရေဘေးလွတ်ရာ ကယ်ဆယ်ရေးစခန်းများသို့ ကူညီရွှေ့ပြောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်



※ *ကျောဖုံးမှ*

ယခုပွဲစဉ်မတိုင်မီ ဒီနှစ်သင်း နောက်ဆုံးသုံးကြိမ် ထိပ်တိုက်တွေ့ဆုံမှုတွင် အနိုင်/အရှုံး အဖြေမပေါ်ဘဲ သုံးကြိမ်စလုံး သရေကျထားသည်။

စောင့်ကြည့်ရမည့် ကစားသမားအဖြစ် ဥရုဂွေးအသင်းတွင် တိုက်စစ်ကစားသမား နူနက်ဇ်ရှိပြီး ယခုနစ် ကိုပါအမေရိကပြိုင်ပွဲတွင် ဘိုလီးဗီးယား၊ ပနားမားအသင်းဘက်သို့ သွင်းဂိုး နှစ်ဂိုး ရယူထားနိုင်သည်။ ပြိုင်ဘက် ကိုလံဘီယာအသင်းတွင် တောင်ပံကစားသမား ဒန်နီရယ်မူနေဒ်ဇ်ရှိပြီး ပါရာဂွေး၊ ဘရာဇီးအသင်းတို့ဘက်သို့ သွင်းဂိုး နှစ်ဂိုးရယူထားနိုင်သည်။

မည်သို့ပင်ဆိုစေ ဥရုဂွေးအသင်းထက် တိုက်စစ်အဆုံးသတ်ပိုင်းသေချာသည့် ကိုလံဘီယာအသင်း ဗိုလ်လုပွဲ တက်လှမ်းဖွယ်ရှိသည်။

အောင်ဇော်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၉

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိမည်။ မိုး/ဧလ

မမေ့အပ်သော အာဇာနည်နေ့နှင့် ပြည်သူပြည်သားအားလုံး ဖြည့်ဆည်းရန်တာဝန်ရှိသည့် အာဇာနည်တို့ မျှော်မှန်းသောပန်းတိုင် . . .

ခင်ရတနာ

ဇူလိုင်လ ၁၉ ရက်နေ့သည့် မိမိတို့နိုင်ငံသားအားလုံးအတွက် အစဉ်အောက်မေ့ လွမ်းဆွတ်ဖွယ် နေ့တစ်ရက်ဖြစ်ခဲ့သည်မှာ ၇၇ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ ကိုလိုနီတို့လက်အောက် နှစ်ပေါင်း ၁၀၀ ကျော်ရှု နေထိုင်ခဲ့ရပြီး လွတ်လပ်ရေး၏ အသီးအပွင့်တို့ ဖူးပွင့်လာဖို့ လက်တစ်ကမ်းအလို၊ တောင်ပေါ်မြေပြန့် အတူအကွ ပေါင်းစည်းကာ လွတ်လပ်သော မြန်မာနိုင်ငံဖြစ်လာစေဖို့ စစ်ရေး၊ နိုင်ငံရေးအရ ဦးဆောင်ကြိုးပမ်းနေသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ဟု သတ်မှတ်ခံထိုက်သည့် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသောနေ့၊ ပြည်သူပြည်သားတို့ မျက်ရည်မဆည်နိုင် ငိုပွဲကြုံရသည့်နေ့ တစ်နည်းအား ဖြင့် ယနေ့နှောင်းလူတို့တိုင် ဝမ်းနည်းယူကျုံးမရဖြစ်ရသည့် နေ့တစ်နေ့ပင် မဟုတ်ပါလော။



ရန်ကုန်မြို့ ဝန်ကြီးများရုံး(ယခင်အတွင်းဝန်များရုံး)တွင် ပြသထားသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ရုပ်တုများ။

အာဇာနည်ဆိုသည့် ဝေါဟာရမှာ အာဇာနေယျ ဟူသည့် ပါဠိမှဆင်းသက်လာပြီး လျင်မြန်စွာ သိတတ်သူဟု အဓိပ္ပာယ်ရသည်။ ပါဠိသက်ဝေါဟာရ အဘိဓာန်တွင် **"သင့်မသင့်ကို ခဏချင်းသိ၍ ရဲ၌စွာ ဆောင်ရွက်တတ်သူ"**ဟု ဖွင့်ဆိုထားပြီး မြန်မာ အဘိဓာန်၌မူ **" အကြောင်းဟုတ်သည်၊ မဟုတ်သည် ကို ကောင်းစွာသိသူ၊ သာမန်ထက် လက်ရုံးရည်၊ နှလုံးရည် ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူ"** ဟု အဓိပ္ပာယ် ဖွင့်ဆိုထားသည်။ ဓမ္မပဒတွင်မူ **"အာဇာနည်တစ်ဦး ပေါ်ပေါက်လာခဲ့ပါက ထိုနေရာသည် ချမ်းသာရန် သေချာသွားပေပြီ"**ဟု ညွှန်းဆိုထားသည်။

အာဇာနည်ဟူသည့် ဘွဲ့ထူးသည်ကား အများ အကျိုးအတွက် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံ၍ ရဲစွမ်းသတ္တိကို အခြေခံကာ အသက်နှင့်ရင်းပြီး နိုင်ငံ အတွက် စွန့်လွှတ်ကြိုးပမ်းသူများအား ပြည်သူ အများက **"အာဇာနည်"**ဟု နှလုံးသားထက်ဝယ် ဦးညွှတ်ချီးကျူးဂုဏ်ပြုရာမှသည် ကမ္ဘည်းတင် ရေးထိုးခြင်းခံရသူများဟု ညွှန်းဆိုလိုပါသည်။

အတိတ်သမိုင်းကို ပြန်ကြည့်မည်ဆိုလျှင် အင်္ဂလိပ်တို့က ကျူးကျော်စစ်ပွဲ သုံးကြိမ်ကာလတို့ အပြင် ကိုလိုနီခေတ်တစ်လျှောက် သမိုင်းမတင်သော် လည်း အာဇာနည်စိတ်ဓာတ်ဖြင့် တိုင်းပြည်နှင့် လူမျိုးအတွက် သက်စွန့်ကြိုးပမ်းသူ မျိုးချစ်သူရဲ ကောင်းများမှာ နိုင်ငံတစ်ဝန်း တောင်တန်း၊ ပြည်မ ဒေသစုံတွင် ရှိနှင့်ခဲ့ပြီးဖြစ်သည်။ တောင်ပေါ်၊ ပြည်မ မခွဲခြားဘဲ လွတ်လပ်ရေးအတွက် အတူတကွ တိုက်ပွဲဝင်ခဲ့ကြခဲ့ပြီ ဗမာ့တပ်မတော်လက်အောက် ဝယ် မြန်မာလူမျိုးများသာမက တိုင်းရင်းသားလူမျိုး ပေါင်းစုံ ပါဝင်ခဲ့သည်။

မိမိတို့နိုင်ငံ လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်တို့ စတင်တည်ထောင်ခဲ့သည့် ဗမာ့လွတ်လပ်ရေး တပ်မတော်၏ အောင်မြင်မှုကြောင့် နယ်ချဲ့တို့ များစွာခေါင်းကိုက်ခဲ့ကြရသည်။ လွတ်လပ်ရေးကို အနုနည်းနှင့်မရလျှင် အကြမ်းနည်းသုံး၍ တိုက်ယူ မည့် ခေါင်းဆောင်များ၏ သံမဏိခွန်အားသည် ပြည်သူတို့အကြား အမျိုးသားရေးစိတ်ဓာတ်များ တစ်ခဲနက် ပိုမိုပွင့်လန်းနိုးကြားလာခဲ့သည်။ ဦးဆောင်သူများ၏ တက်ကြွထက်သန်သော စိတ်စေတနာ၊ အနစ်နာခံမှု၊ တိုင်းရင်းသား ခေါင်းဆောင်များ၏ တစ်ထပ်တည်း နားလည် ပူးပေါင်းမှုတို့၏ ပြဿုဂ်အဖြစ် ဗိုလ်ချုပ်တို့မျက်ဆုံးမိ နှစ်ဆန်းပိုင်းဖြစ်သည့် ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်၌ အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုနိုင် ခဲ့ခြင်း၊ စာချုပ်ပါအတိုင်း ဧပြီလတွင် တိုင်းပြု ပြည်ပြု လွတ်တော်ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဖဆပလ အဖွဲ့ကြီးက အနိုင်ရရှိခဲ့ခြင်း၊ ဖဆပလအဖွဲ့၏



ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် ရန်ကုန်မြို့ ဝန်ကြီးများရုံး အဆောက်အဦ။

❖ ပြည်သူများအဖို့ အာဇာနည်တို့ အသက်စွန့်၍ ကြိုးပမ်းရယူ ပေးခဲ့သည့် လွတ်လပ်ရေး၏တန်ဖိုးနှင့် ဒီမိုကရေစီ၏ အနက် အဓိပ္ပာယ်ကို သိရှိနားလည် သဘောပေါက်ရမည့်နေ့ ဖြစ်ပါ သည်။ အာဇာနည်တို့၏ တိကျပြတ်သားမှု၊ ရဲရင့်မှု၊ တည်ငြိမ်မှု၊ စွန့်လွှတ်အနစ်နာခံမှုများကို အတုယူရင်း မျိုးဆက်သစ်များ အတွက် မှန်ကန်သော မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တို့ကို လက်ဆင့်ကမ်း သင်ကြားပြသခြင်းဖြင့် အာဇာနည်တို့ မျှော်လင့်သည့် ရည်မှန်းချက်ပန်းတိုင်ကို လျှောက်လှမ်းကြ ခြင်းဖြင့် အရာထင်စွာ လွမ်းဆွတ်ကြနိုင်ပါစေ

ညီနှိုင်းစည်းရုံးမှုနှင့်အတူ တိုင်းရင်းသားခေါင်းဆောင် ကြီးများပါဝင်လျက် မြေပြန့်တောင်ပေါ် မခွဲခြားဘဲ လွတ်လပ်ရေးကို အတူတကွ အရယူမည်ဟူသည့် တူညီသည့်သဘောထားများ ပါဝင်သော ပင်လုံ စာချုပ်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ချုပ်ဆိုနိုင်ခဲ့ခြင်းတို့မှာ လွတ်လပ်ရေး အောင်ပန်း ရရှိရေး၌ ကြီးမားစွာ အထောက်အကူပြုခဲ့သည်။

သမိုင်းဝင်အာဇာနည်နေ့

ယင်းကာလ ဝန်ကြီးများအစည်းအဝေးကို ပုံမှန်အားဖြင့် ဗုဒ္ဓဟူးနေ့တွင် ကျင်းပလေ့ရှိသော်လည်း လွတ်တော်ကော်မတီအစည်းအဝေးနှင့် တိုက်ဆိုင်နေသဖြင့် ၁၉၄၇ နှစ် ဇူလိုင်လ ၁၉ ရက် (စနေနေ့) သို့ ရွှေ့ဆိုင်းလိုက်ခြင်းသည် နိုင်ငံအတွက် ကြမ္မာဇင်ကာ အကျည်းတန်စေခဲ့ခြင်းပေလား။ နိုင်ငံ့လွတ်လပ်ရေးအတွက် အခါမလပ် ကြံစည် တွေးတောနေခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းအတွက် မိမိကိုယ်တိုင်၏ လုံခြုံရေးမှာမူ ကျိုးပေါက်ခဲ့ရသည်။ မသမာသူတို့ စေလွှတ်လိုက်သည့် လက်မရွံ့တစ်စုက ဝန်ကြီးများအစည်းအဝေးကျင်းပရာ နေရာသို့ ရုတ်တရက် ရောက်ရှိလာခဲ့ကာ ဗိုလ်ချုပ်နှင့် ဝန်ကြီး ခြောက်ဦးတို့ ခန္ဓာကိုယ်အနှံသို့ ကျည်များ ဖောက်ထွင်းပစ်သွင်းခဲ့ကြလေတော့သည်။ လူမသမာ တို့ ပစ်ခတ်လိုက်သည့် ကျည်ဒဏ်ရာ ၁၃ ချက်ဖြင့် နေရာတွင်ပင် ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခဲ့ပြီး သခင်မြ၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ မန်းဘခိုင်၊

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

ဒီးဒုတိဒ္ဒီးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်းတို့ ဝန်ကြီးခြောက်ဦး၊ အတွင်းဝန် ဦးအုန်းမောင်နှင့် ရဲဘော်ကိုထွေးတို့ ကျဆုံးခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိအောင် ကြိုးပမ်းသည့် ကာလအတွင်း ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် နိုင်ငံ့ခေါင်းဆောင်တို့ ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည့် ဇူလိုင်လ ၁၉ ရက်နေ့ကို အာဇာနည်နေ့အဖြစ် သတ်မှတ်၍ နိုင်ငံတော်အဆင့် အောက်မေ့ဖွယ်အထိမ်းအမှတ် ရက်တစ်ရက် အဖြစ် သတ်မှတ်ကျင်းပလာခဲ့သည်မှာ စိန်ရတု ကျော်၍ ၇၇ နှစ်ပင် တိုင်ခဲ့ပြီဖြစ်သကဲ့သို့ အာဇာနည်တို့ သွေးနှင့်ရင်း၍ အရယူပေးခဲ့သည့် လွတ်လပ်ရေးရရှိခဲ့သည်မှာလည်း ၇၆ နှစ်တာခရီး ရှိလာခဲ့ပြီဖြစ်ပါသည်။

သို့သော် အတ္တအရင်းခံသည့် နိုင်ငံရေးအမြင်တို့ ထုတ်သူအချို့နှင့် ဆင်ခြင်တုံတရား အားနည်းသော ဦးဆောင်သူအချို့၊ လူမျိုးရေးလှုံ့ဆော်မှုအမျိုးမျိုးကြောင့် မယုံကြည်မှု သံသယများနှင့် မညီညွတ်မှုတို့မှာ လွတ်လပ်ရေး၏ ဖွားဖက်တော်များအဖြစ် ယနေ့တိုင် အဖြစ်မပြတ်နိုင်သေး။ လွတ်လပ်ပြီးစတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့်အတူ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွား ဖြင့်တင်ရမည်ထက် တောင်တန်း–ပြည်မ အတူတကွ မြန်မာပြည်ကြီး အပေါင်းအစည်း မပျက်စေရန် ရှေးရှုး၍ စစ်အင်အား ဖြည့်ဆည်းကာ စစ်မျက်နှာဖွင့်ရသည်။ အဆက်ဆက်သော ဦးဆောင်သူများက တိုင်းပြည်စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးအဆင့်အတန်းမြင့်မားအောင် ကြိုးပမ်းရသည်နှင့်နည်းတူ ငြိမ်းချမ်းရေးနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လုပ်ဆောင်ချက်များကို အရှိန်လျှော့၍မရသေး။

ပြတ်သားသည့်စိတ်ဓာတ်

၁၉၄၇ ခုနှစ် မတ်လအတွင်း အသံလွှင့်မိန့်ခွန်းတစ်ရပ်၌ ဗိုလ်ချုပ်အောင်ဆန်းက **"လူငယ်နိုင်ငံရေးသမားတွေဟာ လွတ်လပ်တဲ့ မြန်မာပြည်မှာ သိပ်မမိုက်ကြဘဲ တစ်ဦးနဲ့တစ်ဦး ညီညီညွတ်ညွတ် လုပ်ကြဖို့ လိုတယ်။ ဒီလိုမှမဟုတ်ရင် လွတ်လပ်တဲ့ မြန်မာပြည်ဟာ လွတ်လပ်ရေးအရသာကို ကျပ်ပြည့်တင်းပြည့် ခံစားနိုင်မှာမဟုတ်ဘူး"**ဟု ဆိုခဲ့သည်။ ထို့အတူ **"လူထုဟာ နေ့တိုက်ခံရမလား၊ ညအတိုက်ခံရမလားဆိုပြီး မသေချာမရေရာတဲ့အဖြစ်ကို မလိုချင်ဘူး။ လွတ်လွတ်လပ်လပ် သွားလာရတဲ့ အဖြစ်ကိုသာ လိုချင်ကြတယ်"** ဟု ၁၉၄၇ ခုနှစ် ဧပြီလ ၅ ရက် ညအသံလွှင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ဖူးသည်။ ဗိုလ်ချုပ်ပေးအပ်လိုသည့် လွတ်လပ်ရေး၏အရသာကို ပြည်သူများက အမှန်တကယ်ရယူနိုင်ကြဖို့ ညီညွတ်ရေးသည် အလွန်အရေးကြီးလှပါသည်။

အနီးစပ်ဆုံးကာလနှင့် မျှော်လင့်ခြင်းပန်းတိုင်

ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို အစိုးရအဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၇၀ ကျော်ကြာသည့် အချိန်တွင်လည်း တစ်ကျော့ပြန် ကိုယ်ကျိုးရှာ နိုင်ငံရေးအဖြတ်ထုတ်သူတို့ကြောင့် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှု ယိမ်းယိုင်ခဲ့ရပြီး ပြည်တွင်းစစ်မီးများ ပြန်လည်တောက်လောင်ခဲ့ရပြန်သည်။ မိမိတို့နိုင်ငံ၏အရေးကို ဝင်ရောက်စွက်ဖက်လိုကြသည့် ပြည်ပနိုင်ငံများ၏ ထိုးနှက်မှု၊ မျက်နှာတစ်ဖက်တည်းသာမူ၍ မိမိတို့နိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များအပေါ် လျစ်လျူရှုကာ တိုင်းပြည်ပျက်စီးမည့်လမ်းကြောင်းကို ဦးတည်အားပေးနေသည့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အဖျက်အမှောင့် လုပ်ငန်းများကို တစိုက်မတ်မတ်ဖြင့် လုပ်ဆောင်ရင်း နိုင်ငံတော်အကျိုး ဖျက်ဆီးနေကြသည့် အကြမ်းဖက်သောင်းကျန်းသူများ၏ ဆင်ခြင်မဲ့လုပ်ရပ်များကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းမှု အားနည်းကာ လူမှုစီးပွားဘဝများ ပြန်လည်ရုန်းထရန် များစွာ အချိန်ယူရဦးမည်။

သဘာဝရေခဲမြေခဲကောင်းမွန်၍ ပထဝီနိုင်ငံရေး အချက်အချာဖြစ်ရာ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရေးလမ်းစကောင်းများစွာ မြင်တွေ့ရသော်လည်း အဖျက်အမှောင့်လုပ်ငန်းများကြောင့် ရင်းနှီးမြှုပ်နှံမှုများ ပေါပေါများများ ဝင်လာရမည့်အစား၊ ကောက်ပဲသီးနှံတို့ အလျှံအပယ် စိုက်ပျိုးထုတ်လုပ်ကြရမည့်အစား တလင်းတို့တွင် ကျည်ခွံများ ပြန့်ကျဲလျက် ပြည်သူတို့ ငြိမ်းချမ်းခြင်းကို ရာဖွေနေရခဲ့။ သောင်းကျန်းသူများကြောင့် မဖွင့်ဖြစ်သေးသည့် စာသင်ကျောင်းများ၊ ဒေသမတည်ငြိမ်၍ ဖုန်အလိမ်းလိမ်းဖြင့် ရပ်တန့်ထားရသည့် ခရီးသွားလုပ်ငန်းများ၊ ယခင်က နေ့ညစက်သံ မစဲသော်လည်း နိုင်ငံရေးအခြေအနေကြောင့် ရပ်တန့်လိုက်ရသည့် စက်ရုံအလုပ်ရုံများ၊ နိုင်ငံရေးအဖြတ်ထုတ်သူများ၏ ပရမ်းပတာ သွေးထိုးလှုံ့ဆော်မှုများနှင့် အကြမ်းဖက်အဖျက်သမားတို့ကြောင့် အသက်ပေးခဲ့ကြရသည့် အပြစ်မဲ့ပြည်သူများ၊ အနှစ်နှစ်အလလ တည်ဆောက်ခဲ့ရသည့် နိုင်ငံပိုင်အဆောက်အအုံများ၊ လမ်း၊ တံတားများ စသည်တို့မှာ ပြန်လည်တည်ဆောက်ရန် ညီညီညွတ်ညွတ် အားသွန်ခွန်စိုက် ရုန်းကန်ကြမည် ဆိုလျှင်ပင် ချက်ချင်းလက်ငင်း ပြန်လည်ပြည့်စုံနိုင်ရန် အချိန်ပေးတည်ဆောက်ကြရမည် ဖြစ်ပါသည်။

လွမ်းဆွတ်ကြေကွဲစွာဖြင့် အလေးအမြတ်ပြုပါသည်

ဇူလိုင်လသည် မိုးတွင်းအခါသမယဖြစ်သည့် အားလျော်စွာ ၁၉ ရက်နေ့ မနက်ခင်းအများစုသည် ကောင်းကင်ဝဠာထက်ဝယ် တိမ်စိုင်တိမ်ခဲများက ပြိုတော့မလိုရှိနေတတ်သည်။ အချို့နှစ်များတွင် မိုးဖွဲကလေးများ ကျဆင်းနေတတ်ပါသည်။ ရန်ကုန်မြို့ ရွှေတိဂုံဘုရားခြေတော်ရင်းက အာဇာနည်ဗိမာန်၌ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်များကို နိုင်ငံတော်အဆင့် အခမ်းအနားဖြင့် အလေးပြုခြင်း၊ မိသားစုဝင်များနှင့် ပြည်သူတို့က နှစ်စဉ်ဂါရဝပြု၍ မမေ့မလျော့ ဝမ်းနည်းခြင်းအထိမ်းအမှတ်ကို ပြသကြသည်။ ဗိုလ်ချုပ်တို့ ကျဆုံးသည့် အချိန်သို့ရောက်တိုင်း ဥည၊ခွဲသွေသည့်အသံ၊ မော်တော်ကား ဟွန်းရှည်ဆွဲသံတို့ကို ကြားရစမြဲ။

အာဇာနည်နေ့ဟူသည် အားလပ်ရက်ရခြင်း၊ အလေးပြုခြင်းနှင့် ဝမ်းနည်းကြေကွဲစွာဖြင့် သွားလေသူတို့ကို အမှတ်ရတမ်းတခြင်းတို့ထက် ပို၍ အဓိပ္ပာယ်များစွာရှိ၍ လေးနက်လှသည်။ ပြည်သူများအဖို့ အာဇာနည်တို့ အသက်စွန့်၍ ကြိုးပမ်းရယူပေးခဲ့သည့် လွတ်လပ်ရေး၏တန်ဖိုးနှင့် ဒီမိုကရေစီ၏ အနက်အဓိပ္ပာယ်ကို သိရှိနားလည် သဘောပေါက်ရမည့်နေ့ ဖြစ်ပါသည်။ အာဇာနည်တို့၏ တိကျပြတ်သားမှု၊ ရဲရင့်မှု၊ တည်ငြိမ်မှု၊ စွန့်လွှတ်အနစ်နာခံမှုများကို အတုယူရင်း မျိုးဆက်သစ်များအတွက် မှန်ကန်သော မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တို့ကို လက်ဆင့်ကမ်း သင်ကြားပြသခြင်းဖြင့် အာဇာနည်တို့ မျှော်လင့်သည့် ရည်မှန်းချက်ပန်းတိုင်ကို လျှောက်လှမ်းကြခြင်းဖြင့် အရာထင်စွာ လွမ်းဆွတ်ကြေနိုင်ပါစေကြောင်း တင်ပြရင်း ယခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် အာဇာနည်နေ့အား ကြိုဆိုဂုဏ်ပြုလိုက်ရပါတော့သည်။ ။

အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနား ကျင်းပမည့် နံနက် ၀၄၀၀ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှ လည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ – ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ–ဓမ္မစေတီလမ်းဆုံအထိလည်းကောင်း လမ်းပိတ်/လမ်းလွဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ၁၉-၇-၂၀၂၄ ရက်နေ့ ၀၅၀၀ အချိန်မှ ၁၈၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝက်ဘာလမ်းဆုံမှ ဖိုးစိန်လမ်းဆုံထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်လမ်းအား ရွှေကြက်ယက်လမ်းနှင့်ဆုံရာမှလည်းကောင်း လမ်းပိတ်/လမ်းလွဲ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉-၇-၂၀၂၄ ရက်နေ့ ၀၅၀၀ အချိန်မှ ၁၈၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံအထိ လည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/လမ်းလွဲ ဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကာကွယ်ရေး

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကို ကာကွယ်ရန် ယင်နှာစာအပါအဝင် မသန့်ရှင်းသောအစားအစာ စားသုံးခြင်းကို ရှောင်ကြဉ်ပါ။ သောက်ရေသန့် (သို့မဟုတ်) ရေကိုကျိုချက်၍ သောက်ပါ။ လက်သန့်စင်ရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုပါ၊ ယင်လုံအိမ်သာသုံးစွဲပါ၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ပါ၊ ရောဂါလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနများနှင့် ပြည်သူ့ဆေးရုံများသို့ သွားရောက်ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ကျိုင်းတုံမြို့၌ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များတွေ့ဆုံ

ကျိုင်းတုံ ဇူလိုင် ၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ပြည်နယ်ဒုတိယအဆင့်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံပွဲကို ဇူလိုင် ၈ ရက်က ပြည်နယ် ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ကျိုင်းတုံ) ရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းက အမှာစကား ပြောကြားပြီး ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဒုတိယအဆင့်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အဖွဲ့များက ဒေသအတွင်း စိုက်ပျိုးမွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးဆိုင်ရာများ၊ စာကြည့်တိုက်များ တည်ဆောက်ရေးဆိုင်ရာ၊ အားကစားနှင့်ပညာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြရာ တိုင်းရင်းသားရေးရာဝန်ကြီးက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့် လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

အောင်ဇင်မြင့် (ပြန်/ဆက်)



ဖျာပုံမြို့နယ်တွင် အခွန်ဆိုင်ရာဥပဒေရှင်းလင်း

ဖျာပုံ ဇူလိုင် ၉

ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များကို ဇူလိုင် ၇ ရက်က ဖျာပုံမြို့နယ် ပြည်တွင်းအခွန်များ ဦးစီးဌာနမှုးရုံးအစည်းအဝေးခန်းမ၌ အခွန်ဆိုင်ရာ ဥပဒေရှင်းလင်းပွဲကျင်းပသည်။

အဆိုပါရှင်းလင်းပွဲတွင် မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးနိုင်ဦးနှင့် မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့အတွင်းရေးမှူး၊ မြို့နယ်အခွန် ဦးစီးဌာနမှူး ဦးကျော်သီဟက ပြည်တွင်းအခွန်များ ဦးစီးဌာန၏ လိုက်နာကျင့်သုံးနေသော အခွန်ဆိုင်ရာဥပဒေများနှင့် အခွန်အကြောင်း သိကောင်းစရာများ အား ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရသည်။

အောင်ဝင်းနိုင် (ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတိုက်ပွဲဖြစ်စဉ်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသ ဖြစ်စဉ်များနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ သဘောထားများကို ပြောကြားသွားမှာဖြစ်ပါတယ်။



၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်မှာ MNDAA ဟာ TNLA ၊ AA အဖွဲ့တို့နဲ့ ပူးပေါင်းပြီး အထူးဒေသ(၂) "ဝ"ဒေသကတစ်ဆင့် နမ့်တစ်ချောင်းကို ဖြတ်ကူးပြီး တရုတ်၊ မြန်မာနယ်စပ်မြို့ချင်းရွှေဟော်မြို့ကို စတင်တိုက်ခိုက်ခဲ့ပါတယ်။ ဒီဖြစ်စဉ်တွေနဲ့ ပတ်သက်ပြီးလည်း ကျွန်တော့် အနေနဲ့ ယခင်ကလည်း ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ နမ့်ခမ်း၊ သိန်နီ၊ ကွတ်ခိုင်မြို့တွေကို TNLA အဖွဲ့က နောင့်ယှက် တိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ သိန်နီမြို့၊ ကွမ်းလုံမြို့နဲ့ လောက်ကိုင်မြို့တစ်ဝိုက်ကိုလည်း စတင် တိုက်ခိုက်ပါတယ်။ ဒီဇင်ဘာလ ၂၂ ရက်နေ့မှာ TNLA အဖွဲ့ဟာ မန်တုံဒေသတစ်ဝိုက်ကို တိုက်ခိုက်ခဲ့ ပါတယ်။ TNLA ပူးပေါင်းအဖွဲ့ဟာ နမ္မတူဒေသနဲ့ နမ္မတူမြို့ကို တိုက်ခိုက်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ်၊ ဧနှစ်၀ါရီလ ၅ ရက်နေ့မှာတော့ MNDAA နဲ့ ပူးပေါင်း အဖွဲ့ဟာ ဟိုပန်ဒေသနဲ့ ဟိုပန်မြို့ကို တိုက်ခိုက် ခဲ့ပါတယ်။

နေ့စဉ်ပစ်ခတ်တိုက်ခိုက်

၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့မှာ TNLA ပူးပေါင်းအဖွဲ့ဟာ နောင်ချိုနဲ့ ကျောက်မဲဒေသ တစ်ဝိုက်ရှိ လုံခြုံရေးစခန်းတွေနဲ့ နောင်ချို၊ ကျောက်မဲမြို့တွေကို တိုက်ခိုက်ခဲ့ပါတယ်။ ဇူလိုင်လ ၃ ရက်နေ့မှာ MNDAA ပူးပေါင်းအဖွဲ့ဟာ လားရှိုး မြို့ဝန်းကျင်ကို စတင်တိုက်ခိုက်ခဲ့ပြီး လားရှိုးမြို့ထဲ ကို ရှော့တိုက်ဒုံးတွေ ၊ Drone တွေနဲ့ Drop Bomb ချတိုက်ခိုက်တာတွေကို နေ့စဉ်ပစ်ခတ်တိုက်ခိုက် ခဲ့ပါတယ်။

MNDAA အဖွဲ့အနေနဲ့ ချင်းရွှေဟော်ဒေသ တစ်ဝိုက်နဲ့ကိုးကန့်နယ်မြေကို စတင်တိုက်ခိုက်ခါ စက ကျားဖြန့်လို့ခေါ်တဲ့ Online လောင်းကစားမှု၊ လိမ်လည်မှုကို တိုက်ဖျက်ရန်ဆိုတဲ့ ခေါင်းစဉ်နဲ့ စတင်ခဲ့တယ်ဆိုတာ သိရပါတယ်။ လောက်ကိုင် ဒေသအပါအဝင် နယ်စပ်ဒေသတွေမှာဖြစ်ခဲ့တဲ့ ကျားဖြန့်ခေါ် အွန်လိုင်းလိမ်လည်မှုတွေဟာ လောက်ကိုင်မှာဆိုရင် ဟိုတယ်တွေ၊ လျှို့ဝှက်နေရာ တွေမှာ ပုန်းလျှိုးကွယ်လျှိုးဆောင်ရွက်ကြတာဖြစ် လို့ နိုင်ငံတော်အစိုးရအဖွဲ့အနေနဲ့ သိရှိခဲ့ခြင်းမရှိပါ ဘူး။ လိမ်လည်မှုများကို တရုတ်နိုင်ငံက တိမ်းရောင် လာတဲ့ တရုတ်ရာဇဝတ်သားတွေက ပြုလုပ်ခဲ့တာ ဖြစ်ပြီး လောင်းကစားလုပ်သူများ၊ လိမ်လည်ခံရသူ အများစုဟာလည်း တရုတ်နိုင်ငံသားများသာဖြစ်လို့ မြန်မာနိုင်ငံက အများစုက သိရှိခဲ့ခြင်းမရှိပါဘူး။ မြန်မာနိုင်ငံအစိုးရအနေနဲ့ ဒီကျားဖြန့်ကိစ္စကို သိရှိ တာနဲ့တစ်ပြိုင်နက် တရုတ်နိုင်ငံနဲ့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပြီး နှိမ်နင်းခဲ့ပါတယ်။ ကိုးကန့် ဒေသမှာသာမက အခြားနယ်စပ်ဒေသများမှာပါ ဆောင်ရွက်ခဲ့ပါတယ်။

မနေ့ကအထိ မိုင်းပေါက်ဒေသ၊ လောက်ကိုင် ဒေသ၊ တာချီလိတ်ဒေသ၊ မူဆယ်ဒေသ၊ မြဝတီ (ရွှေကုက္ကိုလ်၊ KK Park) တို့က နေ ဖော်ထုတ်ဖမ်းဆီး ရမိခဲ့တဲ့ တရုတ်နိုင်ငံသား ၅၁၈၅ ဦး၊ ဗီယက်နမ် နိုင်ငံသား ၁၁၄၃ ဦး၊ ထိုင်းနိုင်ငံသား ၆၄၀ အပါအဝင် ၂၁၅၀ ကို သက်ဆိုင်ရာ နိုင်ငံတွေကို လွှဲပြောင်းပေး နိုင်ခဲ့ပါတယ်။ နောက်ပိုင်းမှာ MNDAA ဟာ ကိုးကန့် နယ်မြေ အထူးဒေသ(၁)ရဂျရေးဆိုပြီး လုပ်ဆောင် လာပါတယ်။ အကြမ်းဖက် NUG အဖွဲ့နဲ့တွေ့ဆုံပြီး သူတို့နယ်မြေကို လိုက်ပြတာတွေ၊ ဆွေးနွေးတာ တွေ လုပ်လာတဲ့အပြင် ကိုးကန့်ဒေသရဲ့ ပြင်ပကို ပါ ဆက်လက်နယ်မြေချဲ့ထွင်လာတာတွေ့ရပါတယ်။ NUG အဖွဲ့ရဲ့ အသံကိုလိုက်ပြီး ပြောကြားနေတာကို လည်း တွေ့ရပါတယ်။ ကိုးကန့်နယ်မြေထဲက ကလေးငယ်များပါမကျန် လူသစ်စုဆောင်းတာတွေ၊ ကိုးကန့်ဒေသအတွင်းမှာ အလုပ်လုပ်ကိုင်ခဲ့ကြတဲ့ ဗမာအပါအဝင် တိုင်းရင်းသားအလုပ်သမားတွေကို ဖမ်းဆီးပြီး MNDAA ထဲကိုသွင်းပြီး တိုက်ပွဲဝင်ခိုင်း တာတွေလုပ်ဆောင်ခဲ့ပါတယ်။ စာသင်ကျောင်းတွေ ကို ပိတ်ပစ်တာတွေ၊ ပညာသင်ကြားမှု ပိတ်ပင်တာ တွေကိုလည်း ပြုလုပ်ခဲ့ပါတယ်။ TNLA အဖွဲ့အနေနဲ့ လည်း အလားတူလုပ်ဆောင်ခဲ့ပါတယ်။ နောက်ပိုင်း မှာ အဲဒီဒေသမှာရှိတဲ့ သူတို့လက်နက်ကိုင်အဖွဲ့ အချင်းချင်း နယ်မြေအငြင်းပွားတာတွေလည်း ဖြစ်နေတာ တွေ့ရပါတယ်။

အပြစ်မဲ့အရပ်သားပြည်သူသေဆုံး

အခုလားရှိုးမြို့ကို ဇူလိုင်လ ၃ ရက်နေ့က စတိုက်ခိုက်လာပြီး နေ့စဉ်အဝေးကနေ ရော့တိုက်ဒုံး၊ Drone တွေနဲ့ ရမ်းသန်းပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ ၁၈ ဦးသေဆုံးပြီး ၂၄ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ သူတို့သိမ်းပိုက်ခဲ့တဲ့ နယ်မြေ တိုင်းမှာ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝပျက်သုဉ်း ခဲ့ရပါတယ်။ လားရှိုးမြို့မှာ ထင်ရှားတဲ့ လားရှိုး လေဆိပ်အနီးက တရုတ်ဖာ့ရွှန် ဘုံကျောင်းကို မနေ့က မနက် ၇ နာရီမှာ Droneနဲ့ Drop Bombချ တိုက်ခိုက်ခဲ့ပါတယ်။ လားရှိုးမှာ နေထိုင်ကြတဲ့ တရုတ်လူမျိုးများအပါအဝင် ဒေသခံပြည်သူလူထု ကလည်း ဒီ MNDAA နဲ့ အပေါင်းပါအဖွဲ့တွေကို အလိုမရှိကြောင်း ဆန့်ကျင်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရ တပ်မတော်အနေနဲ့ မြို့ခံလူထု၊ ပြည်သူလူထုရဲ့လုံခြုံရေးနဲ့ ဘေးအန္တရာယ်ကင်းရှင်း ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။

အရပ်သားပြည်သူများဘေးကင်းလုံခြုံရေး

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ MNDAA နဲ့ TNLA တို့ရဲ့ အကြမ်းဖက်တိုက်ခိုက်မှု ကြောင့် မြို့ရွာများ၊ အရပ်သားပြည်သူများ ဘေးကင်း လုံခြုံစေရေးအတွက် အထူးအလေးထားပြီး နိုင်ငံတော်အစိုးရအနေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးကလည်း ပိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြဖို့ မေတ္တာ ရပ်ခံပန်ကြားအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။



MNDAA အကြမ်းဖက်သောင်းကျန်းသူများက လားရှိုးမြို့အတွင်းသို့ ရော့တိုက်ဒုံးများ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် တရုတ်ဖာ့ရွှန်ဘုံကျောင်း ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။



အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဇော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ် စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင် သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇူလိုင် ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ သည့် "Hla Htun Oo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေး တိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်နေ လှထွန်းဦးအား နံနက် ၁၁ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "Me Me" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကျွန်းလုံးဥသျှောင်ရပ်ကွက်နေ မိမိလင်း(ခ)ချစ်မိအား မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ "NGA" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပုသိမ်ကြီးမြို့နယ် အိုးဘို ရွှေကျင်ရပ်ကွက်နေ နေလင်းထွန်းအား ညနေ ၄ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ "Jue Jue" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ဓမ္မာသိရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် နေ ဂျူးဂျူးအား ည ၇ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရ ယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့် ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွား မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဂျပန်နိုင်ငံ၌ အပူလျှပ်သူ အရေအတွက် ယခင်သီတင်းပတ်ကထက် လေးဆ မြင့်တက်လာ

တိုကျို ဇူလိုင် ၉

ပြီးခဲ့သည့် တနင်္ဂနွေနေ့အထိ သီတင်းပတ်အတွင်း အပူလျှပ်လက္ခဏာများနှင့်အတူ ဆေးရုံများသို့ ရောက်ရှိလာသော လူနာအရေအတွက်မှာ ယခင်သီတင်းပတ်ထက် လေးဆတိုးလာကြောင်း ဂျပန်အစိုးရတာဝန်ရှိသူများက ပြောသည်။

နိုင်ငံတစ်ဝန်း အပူလျှပ်ဝေဒနာကြောင့် နေထိုင်မကောင်းဖြစ်သူ ၉၁၀၅ ဦးရှိပြီး ဇူလိုင် ၁ ရက်နှင့် ၇ ရက်ကြားတွင် ဆေးရုံများသို့ ပို့ဆောင်ခဲ့ကြောင်း မီးသတ်နှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုအေဂျင်စီက ပြောသည်။

အဆိုပါ အရေအတွက်သည် ဇွန် ၂၄ ရက်မှ ၃၀ ရက်အထိ ယခင်သီတင်းပတ်ကထက် လေးဆ မြင့်တက်လာခြင်းဖြစ်ကြောင်း၊ ယခုနှစ် လက်ရှိ အချိန်အထိ အမြင့်ဆုံးပမာဏာဖြစ်ကြောင်း သိရသည်။ ထို့ပြင် အဆိုပါပမာဏာသည် ယခင်နှစ် အလားတူ ကာလကထက် နှစ်ဆခန့် မြင့်တက်လာခြင်းဖြစ်သည်။

အပူလျှပ်ဝေဒနာဖြစ်ပွားသူများအနက် ၁၉ ဦး သေဆုံးပြီး ၃ ၂၄၈ ဦးမှာ ဆေးရုံတက်ရောက်ကုသမှု ခံယူရန် လိုအပ်သည်ဟု ဆိုသည်။ အပူလျှပ်လူနာ ၆၀ ရာခိုင်နှုန်းနီးပါး သို့မဟုတ် ၅၃၇၈ ဦးမှာ အသက် ၆၅ နှစ်နှင့်အထက် ဖြစ်သည်။

မကြာသေးမီရက်များအတွင်း ဂျပန်နိုင်ငံတစ်ဝန်း အပူချိန်လွန်ကဲမှုများ ဆက်လက်ဖြစ်ပွားခဲ့ကြောင်းနှင့် အချို့နေရာဒေသများတွင် အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်စ်အထိ မြင့်တက်ခဲ့ကြောင်း သိရသည်။ အပူချိန်မြင့်တက်မှုများ ဆက်လက်ဖြစ်ပေါ်နိုင်သည့်အတွက် လေအေးပေးစက်များကို စနစ်တကျ အသုံးပြုကြရန်၊ ရေဓာတ်မခန်းခြောက်စေရန်နှင့် ပြင်ပတွင် အလုပ်လုပ်ကိုင်ကြသူများအနေဖြင့် ပုံမှန်အနားယူကြရန် တာဝန်ရှိသူများက ပြည်သူများကို တိုက်တွန်းထားသည်။

အင်နှအိတ်ချ်ကေ



"Volt Typhoon" သည် အမေရိကန်၏ သတင်းမှားနှင့် လူထုအမြင်ကို လွှမ်းမိုးခြယ်လှယ်သည့် လှုံ့ဆော်မှုတစ်ခုဖြစ်ကြောင်း တရုတ်ဖော်ထုတ်

ပေကျင်း ဇူလိုင် ၉

"Volt Typhoon" ဟုခေါ်သော ဆိုက်ဘာခြိမ်းခြောက်မှုဇာတ်ကြောင်းသည် အမေရိကန်၏ သတင်းမှားနှင့် လူထုအမြင်ကို လွှမ်းမိုးခြယ်လှယ်သည့် လှုံ့ဆော်မှုတစ်ခုဖြစ်ကြောင်း တရုတ်စုံစမ်းစစ်ဆေးမှုတစ်ခု၏ နောက်ဆုံးတွေ့ရှိချက်အရ သိရသည်။

အမေရိကန်ထောက်လှမ်းရေးအေဂျင်စီများသည် အမေရိကန်နိုင်ငံခြားထောက်လှမ်းရေး အက်ဥပဒေပုဒ်မ ၇၀၂ ကို ခွင့်ပြုချက်ရရေးရန်ရည်ရွယ်ချက်ဖြင့် "တရုတ်နိုင်ငံမှ ဆိုက်ဘာခြိမ်းခြောက်မှု" ကို လုပ်ကြံဖန်တီးကာ အလွန်အမင်းပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံခြားထောက်လှမ်းရေးအက်ဥပဒေသည် အသိပေးခြင်းမရှိဘဲ လျှို့ဝှက်စောင့်ကြည့်ခြင်းကို ခွင့်ပြုပေးပြီး အမေရိကန်လွတ်တော်မှ ဘတ်ဂျက်များကို ပိုမိုရရှိစေရန်လည်း ခွင့်ပြုပေးသည်။

၂၀၂၃ ခုနှစ် မေလတွင် အမေရိကန်နှင့် ၎င်း၏ "Five Eyes" မဟာမိတ်များက "Volt Typhoon" ဟု နာမည်တပ်ထားသည့် ဟက်ကာတစ်ဦးသည် အမေရိကန်၏ အဓိက အခြေခံအဆောက်အအုံများနှင့် တရုတ်အစိုးရက ထောက်ခံထားသည့် အဖွဲ့အစည်းတစ်ခုကို ပစ်မှတ်ထား၍ သူလျှို့လုပ်ထောက်လှမ်းခြင်းများကိုလုပ်ဆောင်နေကြောင်း စွပ်စွဲပြောဆိုထားသည့် ထင်မြင်ချက်တစ်ခုကို ထုတ်ပြန်ခဲ့သည်။

သူလျှို့ထောက်လှမ်းခြင်းကို တုံ့ပြန်သည့် အနေဖြင့် တရုတ်အမျိုးသားကွန်ပျူတာဗိုင်းရပ်စ်အရေးပေါ်တုံ့ပြန်ရေးဌာနနှင့် အခြားနည်းပညာအဖွဲ့များသည် ခြေရာခံခွဲခြမ်းစိတ်ဖြာလေ့လာမှု တစ်ခုကို စတင်ခဲ့ပြီး ဇွန်လတွင် စုံစမ်းစစ်ဆေးမှု အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့သည်။

"Volt Typhoon" သည် အမေရိကန်ထောက်လှမ်းရေးအေဂျင်စီများ၏ သမားရိုးကျ လှုည့်ဖြားသည့် သတင်းမှားတစ်ခုသာဖြစ်ပြီး ယင်းအစီအစဉ်တွင် တရုတ်ဆန့်ကျင်ရေး အမေရိကန် နိုင်ငံရေးသမားများနှင့် "Five Eyes"နိုင်ငံများမှ ဆိုက်ဘာလုံခြုံရေး အာဏာပိုင်များ ပူးပေါင်းပါဝင်ခဲ့ကြောင်း အဆိုပါအဖွဲ့၏ အစီရင်ခံစာအသစ်တွင်ဖော်ပြခဲ့သည်။

အမေရိကန်ထောက်လှမ်းရေးအေဂျင်စီများ၏ ကွန်ရက်ထိုးဖောက်ဝင်နိုင်မှု စွမ်းရည်ကို ပိုမိုနိုင်မာအောကောင်းစေရန်၊ အထူးသဖြင့် ပြင်ပပစ်မှတ်များကို တိုက်ခိုက်ရန်နှင့် ပြိုင်ဘက်များကို ဟန့်တားနိုင်ရန်၊ ပြည်တွင်းလူဦးရေကို ထိန်းချုပ်ရန် ရည်ရွယ်ချက်ဖြင့် အဆိုပါအစီအစဉ်ကို ၂၀၂၃ ခုနှစ်အစပိုင်း သို့မဟုတ် ၎င်းထက်စောပြီး စတင်ခဲ့သည်ဟု အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၂၃ ခုနှစ် မေလမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအထိ ဖော်ပြခဲ့သောအချက်အလက်များအရ အမေရိကန်အစိုးရကျောထောက်နောက်ခံပြု ဟက်ကာအဖွဲ့အစည်းများသည် ပုဒ်မ ၇၀၂ မှခွင့်ပြုထားသော ဆိုက်ဘာတိုက်ခိုက်မှုပေါင်း ၄၅ သန်းကျော်ကို ပြုလုပ်ခဲ့ကြောင်း၊ ပုဒ်မ ၇၀၂ မှခွင့်ပြုချက်များသည် တရုတ်အစိုးရအဖွဲ့အစည်းများ၊ အကယ်ဒမီများ၊ သိပ္ပံသုတေသနအဖွဲ့အစည်းများ၊ လုပ်ငန်းများနှင့်အရေးကြီးသောအခြေခံအဆောက်အအုံများကို ဆန့်ကျင်လျက်ရှိသည်။

"Volt Typhoon" ၏ နောက်ကွယ်မှ ချုပ်ကိုင်သူများဟု အမေရိကန်အစိုးရအေဂျင်စီ များအား ခေါ်ဆိုထားသည့် အစီရင်ခံစာတွင် ယင်းလှုပ်ရှားမှုကို အမေရိကန်၏ နိုင်ငံတကာပိုလ်ကျစိုးမိုးမှု၏ ရလဒ်တစ်ခုအဖြစ် ဖော်ပြထားသည်။

ဆင်ဟွာ

အာသံပြည်နယ်၌ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၇၂ ဦးအထိ မြင့်တက်လာ

နယူးဒေလီ ဇူလိုင် ၉

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်တွင် ရေကြီးရေလျှံမှု ဆက်လက်ဖြစ်ပွားလျက်ရှိပြီး သေဆုံးသူအရေအတွက်မှာလည်း ၇၂ ဦးအထိ မြင့်တက်လာကြောင်း တာဝန်ရှိသူများက အင်္ဂါနေ့တွင် ပြောသည်။

ရေလွှမ်းမှု ဖြစ်ပွားသော ခရိုင် ၂၇ ခု တစ်ဝန်း ရေဘေးသင့်သူ အရေအတွက် ၁ ဒသမ ၈ သန်းအထိ ကျဆင်းလာကြောင်း တာဝန်ရှိသူများက ပြောသည်။ လွန်ခဲ့သည့် သီတင်းပတ်အတွင်း အာသံပြည်နယ်ရှိ ခရိုင် ၃၀ မှ ရေဘေးသင့်သူအရေအတွက်မှာ ၂ ဒသမ ၄ သန်းကျော်ရှိကြောင်း သိရသည်။

တနင်္လာနေ့တွင် ပြည်နယ်တစ်ဝန်း ရေကြီးရေလျှံမှုကြောင့် ခြောက်ဦး ထပ်မံသေဆုံးသည့်အတွက် လက်ရှိအချိန်အထိ သေဆုံးသူ ပေါင်း ၇၂ ဦးအထိ မြင့်တက်လာခြင်းဖြစ်သည်။ ပြည်နယ်အတွင်းရှိ ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့က ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက် လုပ်ဆောင် လျက်ရှိကြောင်း တာဝန်ရှိသူများ က ပြောသည်။ မုတ်သုံရာသီအတွင်း ရေကြီးရေလျှံမှုများသည် အာသံပြည်နယ်၌ နှစ်စဉ်ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

ဆင်ဟွာ

စင်ကာပူနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု မြင့်တက်

စင်ကာပူ ဇူလိုင် ၉

စင်ကာပူနိုင်ငံ၌ ဇွန် ၃၀ ရက်မှ ဇူလိုင် ၆ ရက်အတွင်း သွေးလွန်တုပ်ကွေးရောဂါထပ်မံဖြစ်ပွားသူ ၃၂၇ ဦးရှိသည့်အတွက် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူပေါင်း ၉၅၈၃ ဦးအထိ ရှိလာကြောင်း အမျိုးသားသဘာဝပတ်ဝန်းကျင်ဆိုင်ရာ အေဂျင်စီ (အင်နှအီးအေ) က ထုတ်ပြန်သော နောက်ဆုံးအချက်အလက်အရ သိရသည်။

စင်ကာပူနိုင်ငံသည် သီတင်းနှစ်ပတ်ဆက်တိုက် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၃၀၀ အောက် ကျဆင်းခဲ့သော်လည်း အပတ်စဉ်ထုတ်ပြန်သော သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူအရေအတွက်မှာ ပြန်လည်မြင့်တက်လာခဲ့သည်။

ဆင်ဟွာ

ဂါဇာအလယ်ပိုင်းရှိ ဒုက္ခသည်စခန်းကို အစ္စရေးက လေကြောင်းတိုက်ခိုက်၊ ကိုးဦးထက်မနည်း သေဆုံး

ဂါဇာ ဇူလိုင် ၉

ဂါဇာကမ်းမြောင် အလယ်ပိုင်းရှိ ဘူရိတ်ဂျ် ဒုက္ခသည်စခန်းကို အစ္စရေးက လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ပါလက်စတိုင်း ကိုးဦးထက်မနည်း သေဆုံးမှုဖြစ်ပွားကြောင်း ပါလက်စတိုင်းသတင်းရင်းမြစ်များက အင်္ဂါနေ့တွင် ပြောသည်။

ဒုက္ခသည်စခန်းတွင် ပါလက်စတိုင်းများ စုဝေးရာသို့ ပစ်မှတ်ထားကာ အစ္စရေးဂျက်လေယာဉ်က ဒုံးကျည်တစ်စင်းဖြင့် ပစ်လွှတ်တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း ပါလက်စတိုင်း လုံခြုံရေးသတင်းအရင်းအမြစ်များက ဆင်ဟွာသို့ ပြောသည်။ ယင်းတိုက်ခိုက်မှုကြောင့် ကလေးငယ်များနှင့် အမျိုးသမီးများအပါအဝင် ပါလက်စတိုင်း ကိုးဦးထက်မနည်း သေဆုံးခဲ့ကြောင်း၊ အခြားအများအပြား ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ဆေးဘက်သတင်းအရင်းအမြစ်များက ပြောသည်။

ထို့ပြင် အစ္စရေး၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ပါလက်စတိုင်း ၅၀ သေဆုံးပြီး အခြား ၁၃၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဂါဇာကျန်းမာရေး အာဏာပိုင်များက အင်္ဂါနေ့တွင် ပြောသည်။ ယမန်နှစ် အောက်တိုဘာလ အစောပိုင်းက ပါလက်စတိုင်း - အစ္စရေး ပဋိပက္ခစတင်ဖြစ်ပွားပြီး နောက်ပိုင်း ဂါဇာကမ်းမြောင်တွင် ပါလက်စတိုင်း သေဆုံးသူပေါင်း ၃၈၂၄၃ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၈၈၀၃၃ ဦး အထိရှိလာပြီဟု အဆိုပါ အာဏာပိုင်များက ပြောသည်။

ဆင်ဟွာ



ဗီယက်နမ်၌ ဆုံဆို့နာရောဂါကြောင့် တစ်ဦး သေဆုံး

ဟန္နိုင်း ဇူလိုင် ၉

ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ငုယ်အန်းပြည်နယ်တွင် အသက် ၁၈ နှစ် အရွယ် ကျောင်းသူတစ်ဦး ဆုံဆို့နာရောဂါကြောင့် သေဆုံးမှုဖြစ်ပွားကြောင်း အင်္ဂါနေ့တွင် ဒေသမီဒီယာက အစီရင်ခံဖော်ပြထားသည်။ အသက်သေဆုံးသွားသော ကျောင်းသူနှင့် အိပ်ဆောင်တစ်ခုတွင် အတူနေထိုင်သူ ခုနစ်ဦးအနက် နှစ်ဦးမှာ ဘက်စ်ကျိုင်းပြည်နယ်သို့ ခရီးသွားခဲ့ကြောင်းနှင့် ၎င်းတို့ထဲမှ တစ်ဦးမှာ ဆုံဆို့နာရောဂါ စစ်ဆေးတွေ့ရှိကြောင်း သိရသည်။ အဆိုပါသေဆုံးသည့် ကျောင်းသူနှင့် ၁၁၉ ဦး ထိတွေ့ဆက်ဆံမှုရှိကြောင်း ပြည်နယ်ရောဂါထိန်းချုပ်ရေးစင်တာက ပြောသည်။

၎င်းသည် ဇူလိုင် ၁ ရက်တွင် ဆေးစစ်ရန် ခရိုင်အဆင့် ကျန်းမာရေးစောင့်ရှောက်မှုဌာနသို့ သွားခဲ့သည်ဟု ဆိုသည်။ ယင်းနောက် ဇူလိုင် ၄ ရက်တွင် ၎င်းကို ငုယ်အန်းပြည်နယ် အထွေထွေဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

မြန်မာနိုင်ငံသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလမ်းပြမြေပုံနှင့် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၉

မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ စီမံကိန်း (၂၀၂၂) ဖြင့် ဆောင်ရွက်သော မြန်မာနိုင်ငံအတွက် သိပ္ပံနည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ လမ်းပြမြေပုံနှင့် မဟာဗျူဟာများ ပေါ်ထွက်နိုင်ရန်အတွက် သိပ္ပံနှင့် နည်းပညာဆိုင်ရာလက်ရှိ ဆောင်ရွက်နေမှုများနှင့် အမျိုးသားလူမှုစီးပွားရေးညှိနှိုင်းတိုးတက်ရေးကို အထောက်အကူပေးနေမှုများကို stakeholders များနှင့် ညှိနှိုင်းဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲ (Workshop on Stakeholders' Consultation for the Myanmar Science, Technology and Innovation Roadmap and Strategies Development) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိန်းကျော်က တက်ရောက်အဖွင့် မိန့်ခွန်းပြောကြားသည်။



အလုပ်ရုံဆွေးနွေးပွဲတွင် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခု၏ အလုံးစုံတိုးတက်မှုအတွက် အဓိကမောင်းနှင်အား တစ်ခုဖြစ်ခြင်းကြောင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနနှင့် ဆက်စပ်အဖွဲ့အစည်းများဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သံယဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များ၊ UMFCCI မှ ကိုယ်စားလှယ်များ၊ MSMEs အသင်း ကိုယ်စားလှယ်များက သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ၊ လက်ရှိဆောင်ရွက်နေမှုများ၊ လိုအပ်ချက်များ၊ ကွာဟချက်များနှင့် ဆက်လက်အကောင်အထည် ဖော်ဆောင်ရမည့် လုပ်ငန်းစဉ်များပါဝင်သော မြန်မာနိုင်ငံအတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ လမ်းပြမြေပုံ(မူကြမ်း)၊ မဟာဗျူဟာမြောက် ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု တိုးတက်ရေးအတွက် သိပ္ပံနှင့် နည်းပညာအုပ်ချုပ်မှု အစီအမံကောင်းများ၊ လုပ်ငန်းခွင်တွင် အမှန်တကယ်လိုအပ်သော အရည်အချင်းပြည့်ဝသည့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ၊ နိုင်ငံစီးပွားရေး၏ အဓိကကျောရိုးဖြစ်သော အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနနှင့်ဆန်းသစ်သော နည်းပညာများအထောက်အကူပြုနိုင်ရန် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် တက္ကသိုလ်များ၊ သုတေသနဌာနများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေး၊ ရေးဆွဲဆောင်ရွက်မည့် လမ်းပြမြေပုံဆောင်ရွက်မည့် လုပ်ငန်းများကို လေ့လာဆန်းစစ်အကဲဖြတ် ဆောင်ရွက်မည့်အစီအစဉ် စသည်တို့ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် လုပ်ငန်းများဖြင့် လမ်းပြမြေပုံနှင့် မဟာဗျူဟာများ ထွက်ပေါ်ရန်အတွက် ရည်ရွယ်ပြီး အုပ်စုဖွဲ့ဆွေးနွေးခြင်းများ ပြုလုပ်ဆောင်ရွက်ကြခြင်းဖြစ်ပြီး ယခုအကြိမ်သည် စတုတ္ထအကြိမ်မြောက် ညှိနှိုင်းဆွေးနွေးပွဲဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အဓိကအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအဓိကအတွင်းဝန်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဆက်စပ်ဝန်ကြီးဌာန ၁၂ ခုမှ မူဝါဒဆိုင်ရာ ပညာရှင်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ UMFCCI မှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ MSMEs အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပစ္စည်းခွန်ကောက်ခံခြင်းစနစ်အား ပိုမိုကောင်းမွန်သည့်စနစ်ဖြစ်ပေါ်လာစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်းသည့် အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၉

ပစ္စည်းခွန်ကောက်ခံခြင်းစနစ်အား ပိုမိုကောင်းမွန်သည့်စနစ် ဖြစ်ပေါ်လာစေရေးနှင့်စပ်လျဉ်းသည့် အစည်းအဝေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၌ ကျင်းပသည်။



အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးစည်ပင်သာယာရေး ကော်မတီတို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ် စည်ပင်သာယာရေးအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပြည်တွင်းအခွန်များ ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ပစ္စည်းခွန် (Property Tax) ကို နိုင်ငံအများစုတွင် ဒေသန္တရအစိုးရမှသော်လည်းကောင်း၊ မြို့နယ်အစိုးရ (စည်ပင်သာယာရေးကော်မတီ)မှ သော်လည်းကောင်း ကောက်ခံလေ့ ရှိကြပါကြောင်း၊ အခွန်အခြေ သတ်မှတ်ချက် (ဥပမာ - အဆောက်အဦ၊ မြေ)၊ အခွန်နှုန်းထား၊ ရာပြတ်တန်ဖိုး သတ်မှတ်ချက်နှင့် ကင်းလွတ်သက်သာခွင့်များသည် ပစ္စည်းခွန်ကောက်ခံရရှိမှု ပမာဏ အနည်းအများကို ဖြစ်ပေါ်စေသည့် အဓိကအကြောင်းရင်းများ ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ပစ္စည်းခွန်ကောက်ခံရရှိမှု နည်းပါးစေသည့် အကြောင်းရင်းများမှာ ပစ္စည်းခွန်ကောက်ခံသည့်စနစ်ကို ပြည်သူများအကြား အလွယ်တကူ နားလည် သဘောပေါက်အောင် ထိထိရောက်ရောက် မကျင့်သုံးနိုင်ခြင်း၊ နှစ်စဉ်ဌားရမ်းခန္ဓနိုးထားများသည် လက်ရှိငှားရမ်းခန္ဓနိုးထက် များစွာလျော့နည်းနေခြင်းတို့ကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ တင်ပြချက်များအရ သိရှိရကြောင်း။

ပစ္စည်းခွန် ကောက်ခံမှုစနစ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ နိုင်ငံတစ်ဝန်း ဆင်းရဲချမ်းသာကွာဟချက်ကို ကျဉ်းမြောင်းစေခြင်း၊ မြို့ပြအုပ်ချုပ်ရေးစနစ်နှင့် ဖွံ့ဖြိုးတိုးတက်မှုကို ခိုင်မာအားကောင်းစေခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အစိုးရများ၏ ကိုယ်ပိုင်ဘဏ္ဍာငွေ ရှာဖွေနိုင်မှု တိုးတက်ခိုင်မာလာစေခြင်း စသည့် အကျိုးကျေးဇူးများရှိပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အခွန်ကောက်ခံမှုပုံစံ နည်းလမ်းတစ်ရပ် ဖြစ်ပါကြောင်း။

ပစ္စည်းခွန် ကောက်ခံမှုကို စနစ်တကျပီပြင်စွာ အကောင်အထည်ဖော်နိုင်ပါက တိုင်းဒေသကြီး / ပြည်နယ်အစိုးရများ၏ အခွန်ဘဏ္ဍာရေးငွေ သိသိသာသာ တိုးတက်လာမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် အရေးပါသည့် အခြေခံအဆောက်အဦ စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံရာ၌ ပြန်လည် အသုံးချလာနိုင်မည်ဖြစ်သည့်အပြင် ပြည်ထောင်စုအစိုးရက တိုင်းဒေသကြီး / ပြည်နယ် အစိုးရများသို့ အခွန်ဝင်ငွေ ခွဲဝေပေးရန် တာဝန်လျော့နည်းလာမည်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် ဒေသအတွက် အပြန်အလှန် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ ပစ္စည်းခွန် ကောက်ခံခြင်းစနစ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေး အကြံပြုကြစေလို ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်တွင်းအခွန်များဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ပိုမိုကောင်းမွန်သည့် ပစ္စည်းခွန်စနစ် ဖြစ်ပေါ်လာစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြပြီး နေပြည်တော်ကောင်စီ၊ ရန်ကုန်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် တိုင်းဒေသကြီး / ပြည်နယ် စည်ပင်သာယာရေးအဖွဲ့များမှ တာဝန်ရှိသူများက ပစ္စည်းခွန်ကောက်ခံမှု အခြေအနေများကို တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးက ထိရောက်ကောင်းမွန်သည့် ပစ္စည်းခွန်စနစ် ဖြစ်ပေါ်လာစေရေးအတွက် သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဟင်္သာတအကျဉ်းထောင် ကြည့်ရှုစစ်ဆေး

ဟင်္သာတ ဇူလိုင် ၉

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးဝင်းမြိုင်သည် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်ထွေးထွေး၊ ဟင်္သာတခရိုင် တရားသူကြီး ဒေါ်အေးအေးခိုင်တို့နှင့် အတူ ဇူလိုင် ၈ ရက်က ဟင်္သာတအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးရာ အကျဉ်းထောင် တာဝန်ခံအရာရှိက အကျဉ်းထောင်အတွင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးနှင့် အဖွဲ့ဝင်များသည် အကျဉ်းထောင်အတွင်း အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ နေထိုင်သည့် အဆောင်များ၊ စားဖိုဆောင်နှင့် ဆေးပေးခန်းတို့ကို လှည့်လည်ကြည့်ရှုကာ ၎င်းတို့၏ ဥပဒေပါ အခွင့်အရေးများရရှိခြင်း ရှိ/မရှိ၊ နေရာထိုင်ခင်း အဆင်ပြေမှု ရှိ/မရှိ၊ စားသောက်ရာတွင် အာဟာရသင့်တင့်မျှတမှု ရှိ/မရှိ၊ ကျန်းမာရေး စောင့်ရှောက်မှု ရ/မရ အခြေအနေများကို ကြည့်ရှုစစ်ဆေးမေးမြန်းခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အကျဉ်းထောင် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ရန်ကုန်တိုင်းဒေသကြီးတွင် လတ်တလော ဖြစ်ပွားလျက်ရှိသော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဦးစီးဆောင်ရွက်

ရန်ကုန် ၆လိုင် ၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သင်ကြားရေးစင်တာရှိ အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများမှ ဆေးရုံအုပ်ကြီးများ၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်၏ ကုသရေးဆိုင်ရာဌာနများမှ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများ၊ ခရိုင်/ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ပုဂ္ဂလိကဆေးရုံများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

သတင်းပေးပို့ရန်အရေးကြီးမှုကိစ္စရပ်များ

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လတ်တလောဖြစ်ပွားနေသော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါလူနာများ ပုဂ္ဂလိကဆေးရုံများ အပါအဝင် ဆေးရုံအားလုံး၌ ဆေးရုံတင်ကုသရာတွင် ပြင်ဆင်ဆောင်ရွက်ရမည့်အချက်များ၊ လူနာများနှင့် လူနာရှင်များ လိုက်နာရမည့် စည်းကမ်းများ၊ ဆေးရုံများ၏ ရောဂါပိုးကာကွယ်နိမ့်နိမ်းရေးလုပ်ငန်းများ သတိထားဆောင်ရွက်ရန်နှင့် ဆေးရုံတက်လူနာများ၏ အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနထံသို့ သတင်းပေးပို့ရန် အရေးကြီးမှုကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံအသင်း ဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက ရောဂါကာကွယ်ရေးနှင့်ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ရောဂါပိုးပျံ့နှံ့မှုတားဆီးရေး

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးတို့သည် အဆိုပါ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဆန်းစစ်သုံးသပ် ဆွေးနွေးသည့် အစည်းအဝေးပွဲသို့ တက်ရောက်ပြီး မြို့နယ်တစ်ခုချင်း စီအလိုက် ဖြန့်ဝေပေးထားသော ရေသန့်ဆေးပြားများ၊ Bleaching powder စသည့် ပစ္စည်းများကို ပြည်သူများထံ သေချာစွာရောက်ရှိစေရေး၊ ထိတွေ့သူများကို Contact Treatment ဆောင်ရွက်ရေး၊ ရောဂါပိုးပျံ့နှံ့မှု တားဆီးရေးစသည့် လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ရန်နှင့်ပတ်သက်ကာ မြို့နယ်များ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်/ ဆေးရုံအုပ်ကြီး အမျိုးသားအဆင့် ကာကွယ်ဆေးထိုးလုပ်ငန်း နည်းပညာအကြံပေး အဖွဲ့ဝင် ဒေါက်တာစိုးလွင်ငြိမ်း (ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးတို့သည် အဆိုပါ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဆန်းစစ်သုံးသပ် ဆွေးနွေးသည့် အစည်းအဝေးပွဲသို့ တက်ရောက်ပြီး မြို့နယ်တစ်ခုချင်း စီအလိုက် ဖြန့်ဝေပေးထားသော ရေသန့်ဆေးပြားများ၊ Bleaching powder စသည့် ပစ္စည်းများကို ပြည်သူများထံ သေချာစွာရောက်ရှိစေရေး၊ ထိတွေ့သူများကို Contact Treatment ဆောင်ရွက်ရေး၊ ရောဂါပိုးပျံ့နှံ့မှု တားဆီးရေးစသည့် လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ရန်နှင့်ပတ်သက်ကာ မြို့နယ်များ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြသည်။



ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ အားလုံးတွင် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေး လုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း၍ ကလိုရင်းဆေးခတ်ခြင်း၊ ရေသန့်ဆေးပြားများ ဖြန့်ဝေခြင်း၊ ကျန်းမာရေးအသိပညာပေး ပိုစတာများ ကပ်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပတိဝန်းကျင်/ လုပ်ငန်းခွင် ကျန်းမာရေးဌာနခွဲမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများကလည်း ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအားလုံးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်ဦးစီးမှူးရုံးအဖွဲ့၊ ကြက်ခြေနီအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့နှင့် အခြေခံကျန်းမာရေးဝန်ထမ်းများအား ရေသန့်စင်သည့် နည်းစနစ်များကို စာတွေ့လက်တွေ့ သင်ကြားပြသခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ၆လိုင် ၉

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲပိုင်းက သာကေတမြို့နယ်၊ ဒေါပုံမြို့နယ်နှင့် ဗိုလ်တထောင်မြို့နယ်များအတွင်း ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်ကြသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာကေတမြို့နယ် ၁-အနော်မာရပ်ကွက်ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ အတွက် သောက်ရေအသုံးပြုမှုစနစ်၊ အိမ်သာသုံးစွဲမှုစနစ်၊ အိမ်သာအသုံးပြုပြီး လက်ဆေးရန် ပြင်ဆင်ထားရှိမှု၊ အသုံးပြုသည့် ရေများကို ကျန်းမာရေးဌာနတွင် ကလိုရင်းဆေးထည့်ခြင်း ဆောင်ရွက်နေမှုကိုလည်း ကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒေါပုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်ကျောင်းရှိ ကျောင်းသား ကျောင်းသူများ အုပ်ပြုသည့် အိမ်သာများ၊ လက်ဆေးရန် နေရာ ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ ဗိုလ်တထောင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကိုလည်း ကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဘိုကလေးဈေးအတွင်း ဈေးသူ ဈေးသားများ အသုံးပြုသည့် အိမ်သာများ သန့်ရှင်း သပ်ရပ်မှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးပြီး ဈေးရောင်းချနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ကွင်းဆင်းကြည့်ရှုဆောင်ရွက်စဉ် ရေသိုလှောင်ကန်များကို ကလိုရင်းဆေးခတ်ခြင်း၊ လက်ဆေးဆပ်ပြာရည်နှင့် ဆပ်ပြာခဲများ၊ ဓာတ်ဆားထုပ်များ ဖြန့်ဝေခြင်း၊ ဝမ်းပျက်ဝမ်းလျှော ရောဂါ ကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးပညာပေးပို့စတာများကပ်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ကြသည်။

ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ စက်မှုဇုန် ၂၉ ဇုန်မှ ဇုန်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များသည် ၆လိုင် ၈ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ တွေ့ဆုံကြပြီး ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး Chlorine Drum များ၊ Water Purification Tablet များ၊ ဓာတ်ဆားထုတ်များကို ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)



တာမွေမြို့နယ်၌ မြို့နယ်ဝမ်းပျက်/ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

တာမွေ ၆လိုင် ၉

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်း ဝမ်းပျက်/ဝမ်းလျှောရောဂါ ဖြစ်ပွားနေမှုနှုန်း စပ်လျဉ်း၍ ရောဂါကာကွယ်ထိန်းချုပ် ကုသနိုင်ရေးအတွက် မြို့နယ်ဝမ်းပျက်/ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။


ရန်ကုန်တိုင်း ဒေသကြီး တာမွေမြို့နယ်၌ ဇွန် ၂၃ ရက်မှ စတင်၍ ဝမ်းပျက် / ဝမ်းလျှောရောဂါ ဖြစ်ပွားခဲ့သည်။ မြို့နယ်ဝမ်းပျက်/ဝမ်းလျှောရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းကော်မတီသည် အဆိုပါရောဂါ ဖြစ်ပွားခဲ့သည့်နေရာသို့ သွားရောက်၍ ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ယနေ့ အထိ တာမွေမြို့နယ်၌ ဝမ်းပျက်/ဝမ်းလျှော ရောဂါဖြစ်ပွားသူ ၁၁ဦးအထိ ရှိလာခဲ့ပြီး မြို့နယ်အတွင်း ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

နိုင်လင်းအောင်
(ပြန်/ဆက်)

ရေသတ္တဝါမွေးမြူရေး သတ္တုဓာတ်ပါဝင်မှုအလေးထားပေး

ဝါဝါဖူး(Ph.D)မွေး/သု(မန်း)

သတ္တုဓာတ်များသည် ပမာဏအနည်းငယ်သာ အသုံးပြုရပြီး သက်ရှိသတ္တဝါအားလုံးအတွက် မရှိမဖြစ်လိုအပ်သော အဓိကအခန်းကဏ္ဍမှ ပါဝင်သည့် အာဟာရဓာတ်များဖြစ်ပါသည်။ ရေသတ္တဝါများအတွက် သတ္တုဓာတ်လိုအပ်ချက်သုတေသနပြုမှု သတင်းအချက်အလက်များရရှိမှုသည် ကုန်းသတ္တဝါများနှင့် နှိုင်းယှဉ်လျှင် နည်းပါးလှုပါသည်။ ရေသတ္တဝါများသည် အစာနှင့်ရေမှ မရှိမဖြစ်လိုအပ်သော သတ္တုဓာတ်များကို ရရှိနိုင်ပါသည်။ သို့ရာတွင် သတ္တုဓာတ်တစ်မျိုးစီ၏ အရေအတွက် လိုအပ်ချက်များသည် ရေနေသတ္တဝါမျိုးစိတ်များအပေါ် မူတည်၍ ကွဲပြားခြားနားပါသည်။ အဓိကအားဖြင့် အမြင့်ဆုံးလိုအပ်ချက်အုပ်စု(Macro minerals)နှင့် အနိမ့်ဆုံး လိုအပ်ချက်အုပ်စု (Trace minerals) ဟူ၍ နှစ်မျိုး ခွဲခြားထားပါသည်။ အမြင့်ဆုံးလိုအပ်ချက်အုပ်စုသည် အရိုး၊ အသား၊ တစ်သျှူးများဖြစ်တည်မှုနှင့် ဖွံ့ဖြိုးမှုအတွက် အဓိကလိုအပ်ပါသည်။ အနိမ့်ဆုံးလိုအပ်ချက်အုပ်စုအနေဖြင့် ဟော်မုန်းနှင့် အင်ဇိုင်းထုတ်အင်္ဂါအဖွဲ့အစည်းများအတွက် အဓိကလိုအပ်ပါသည်။



ငါး၊ ပုစွန်၊ ကဏန်းများတွင် သတ္တုဓာတ်များ၏ အကျိုးသက်ရောက်မှုပြပုံ

ဤသတ္တုဓာတ်များနှင့် အနည်းငယ်မျှလိုအပ်သည့် ဒြပ်စင်များ၏ ယေဘုယျလုပ်ဆောင်ချက်များမှာ-

- သတ္တုဓာတ်များသည် ဓာတ်ကူပစ္စည်း၊ အခြားသော ခန္ဓာကိုယ်အရည်များကို ထိန်းသိမ်းရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။
- သတ္တုဓာတ်များသည် ပြင်ပအခြေအနေများတွင် ပြောင်းလဲသော်လည်း အတွင်းပိုင်းတွင် တည်ငြိမ်သော ပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်သည့် စွမ်းရည်ဖြစ်သည့် (Homoeostasis)သည် အဓိကအခန်းကဏ္ဍမှ ပါဝင်ပြီး တိရစ္ဆာန်ကိုယ်အတွင်း ရေနှင့် ပျော်ဝင်မှုဖလှယ်မှုကို ထိန်းညှိပေးပါသည်။


စဉ်	အမြင့်ဆုံးလိုအပ်ချက်အုပ်စု (Macro minerals)	အနိမ့်ဆုံးလိုအပ်ချက်အုပ်စု (Trace minerals)	
၁။	ကယ်လဆီယမ် (Ca)	ဇင့် (Zn)	ကော့ပါး (Cu)
၂။	ပိုတက်ဆီယမ် (K)	ဖဲရတ် (Fe)	ဆယ်လီနီယမ် (Se)
၃။	ဆိုဒီယမ် (Na)	အာဆီနစ် (As)	ခရိုမီယမ် (Cr)
၄။	မဂ္ဂနီဆီယမ် (Mg)	ကိုဗော့ (Co)	ဖလိုရင်း (F)
၅။	ကလိုရင်း (CL)	အိုင်အိုဒင်း (I)	မဂ္ဂနိစ် (Mn)
၆။	ဖော့စ်ဖရတ် (P)	မိုလစ်ဒီနမ် (Mo)	နီကယ် (Ni)
၇။	ဆာလဖာ (S)	ဆီလီကွန် (Si)	တင်း (Sn)
၈။	-	ဗန်နာဒီယမ် (V)	အလူမီနီယမ် (AL)

မွေးမြူရေးကန်များအတွင်း သဘာဝအရင်းအမြစ် ငါး၊ ပုစွန်များကို စီးပွားဖြစ် မွေးမြူရာတွင် လိုအပ်သော အာဟာရလိုအပ်ချက်များကို ပြည့်ဝအောင် ဖြည့်ဆည်းနိုင်ရန်အတွက် ဖြည့်စွက်စာကျွေးရန် လိုအပ်ပါသည်။ အခြားသောအာဟာရများအပြင် သတ္တုဓာတ်များသည် သက်ရှိသတ္တဝါများ၏ ကျန်းမာရေးကောင်းမွန်စေရန်နှင့် ကြီးထွားမှုများကို ရရှိစေရန်အတွက် အနိမ့်ဆုံးလိုအပ်ချက်နှင့် အမြင့်ဆုံးသော ခံနိုင်ရည်ကို ဖော်ဆောင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပေသည်။

သတ္တုဓာတ်များ၏ အထွေထွေလုပ်ဆောင်ချက်များ

သက်ရှိသတ္တဝါများ၏ လုပ်ငန်းဆောင်တာများ အင်ဇိုင်း တက်ကြွစေသောအရာများနှင့် ဓိဝဂြစ်ပျက်မှုများတွင် အခြေခံအကြောင်းရင်းအဖြစ် လုပ်ဆောင်ပါသည်။

- သတ္တုဓာတ်များသည် အရိုးများနှင့် သွားများကဲ့သို့သော အရိုးတည်ဆောက်မှုများအတွက်အရေးကြီးသောအစိတ်အပိုင်းများဖြစ်ပါသည်။
- သတ္တုဓာတ်များသည် အာရုံကြောတွန်းပို့မှုနှင့် ကြွက်သားကျုံ့ခြင်းတို့အတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။
- သတ္တုဓာတ်များသည် သွေး၏ pH နှင့် သတ္တုဓာတ်များသည် အာဟာရဓာတ်များကို ထုတ်လုပ်မှုစွမ်းဆောင်ရည်ကို ထိခိုက်စေနိုင်ခြင်း၊ ရေနေသတ္တဝါမျိုးစိတ်များ၏ ကျန်းမာမှုနှင့် ထုတ်လုပ်မှုအရည်အသွေးကို လျော့ကျစေနိုင်မည်ဖြစ်ပါကြောင်း မှတ်သားဖွယ်ရာ ဗဟုသုတများ အဖြစ် မျှဝေရေးသားလိုက်ရပါသည်။ ။



ငါး၊ ပုစွန်၊ ကဏန်းမွေးမြူရေးလုပ်ငန်းများတွင် သတ္တုဓာတ်ပါဝင်မှုအပေါ် အကျိုးသက်ရောက်မှု

သတ္တုဓာတ်ချို့တဲ့မည်ဆိုပါလျှင် ဖြစ်ပွားတတ်သော လက္ခဏာများအနေဖြင့်-

- ကြီးထွားမှုနှုန်း အစာစားသုံးမှုစွမ်းဆောင်ရည်ကို လျော့ကျစေခြင်း၊
- ငါး၊ ပုစွန်၊ ကဏန်းများတွင် အခွံပျော့သော ပြဿနာများနှင့် အရိုးဆိုင်ရာပြဿနာများ ဖြစ်ပေါ်စေခြင်း၊
- သွေးအားနည်းရောဂါ၊ အရိုးပျော့ခြင်း၊ မျိုးရိုးလိုက်သည့် ကြွက်သားသိမ်ရောဂါ စသည့် လက္ခဏာများကို ဖြစ်ပွားစေနိုင်ပါသည်။

ငါး၊ ပုစွန်၊ ကဏန်းများအတွက် လိုအပ်သောသတ္တုဓာတ်များ

ကယ်လ်ဆီယမ်ပါဝင်မှုအနေဖြင့် ငါးရံ့၊ တီလားပီးယားတို့တွင် ဖြည့်စွက်အစာ ၁၀၀ ဂရမ်တွင် ၀.၇ မှ ၁.၅ ဂရမ်အထိ ထည့်သွင်းရမည်ဖြစ်သကဲ့သို့ ငါးပါးနီ(Red sea snapper)၊ ရွှေဝါငါးကြင်း၊ ငါးသလောက်နှင့် ဆယ်လမွန်ငါးများတွင်လည်း မရှိမဖြစ်လိုအပ်ပါသည်။ အလားတူ ဖော့စ်ဖရတ် ပါဝင်မှုမှာလည်း ငါးရံ့၊ တီလားပီးယား၊ ရွှေဝါငါးကြင်း၊ ငါးပါးနီ၊ ငါးသလောက်၊ ဆယ်လမွန်ငါး၊ ငါးတိန်း၊ ငါးပုတ်သင်၊ ငါးခွေးလျှာ၊ ကကတစ်၊ ကျောက်ငါးများတွင် ဖြည့်စွက်အစာ ၁၀၀ ဂရမ်တွင် ၀.၅ ဂရမ်မှ ၁.၀၉ ဂရမ်အထိ လိုအပ်ပါကြောင်း သုတေသနပညာရှင်များ၏ လေ့လာချက်များအရ တွေ့ရှိရပါသည်။ အခြားသတ္တုဓာတ်များဖြစ်သော ပိုတက်စီယမ်၊ ဆိုဒီယမ်ကလိုရိုင်းများကိုလည်း လိုအပ်သည့် အချိုးအစားပမာဏအတိုင်း ဖြည့်စွက်အစာများတွင် ထည့်သွင်းရမည်ဖြစ်ပါသည်။

ရေသတ္တဝါမွေးမြူရေးလုပ်ငန်းများတွင် သတ္တုဓာတ်များသည် မွေးမြူထားသော မျိုးစိတ်များ၏ ကျန်းမာစွာကြီးထွားနိုင်စေရေးအတွက် ထိရောက်သောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ထို့ကြောင့် မွေးမြူသည့်မျိုးစိတ်များအလိုက် လိုအပ်သော သတ္တုဓာတ်ဖြည့်စွက်စာများကို အသေးစိတ်တွက်ချက်၍ ကျွေးမည့်အစာများတွင် ထည့်သွင်းရန် လိုအပ်ပါသည်။ သတ္တုဓာတ်များ၏ အချိုးအစားနှင့် အချိုးအစားများကိုလည်း သေချာစွာသိထားရန် လိုအပ်ပါသည်။ သတ္တုဓာတ်ဖြည့်စွက်စာများကို အချိုးအစားမှန်ကန်စွာ ထည့်သွင်းရန်လည်း အရေးကြီးပါသည်။ ထိုသို့လုပ်ဆောင်ရန် နည်းစနစ်မှန်ကန်မှုမရှိပါက ထုတ်လုပ်မှုစွမ်းဆောင်ရည်ကို ထိခိုက်စေနိုင်ခြင်း၊ ရေနေသတ္တဝါမျိုးစိတ်များ၏ ကျန်းမာမှုနှင့် ထုတ်လုပ်မှုအရည်အသွေးကို လျော့ကျစေနိုင်မည်

❑ **အခြားသောအာဟာရများအပြင် သတ္တုဓာတ်များသည် သက်ရှိသတ္တဝါများ၏ ကျန်းမာရေးကောင်းမွန်စေရန်နှင့် ကြီးထွားမှုများကို ရရှိစေရန်အတွက် အနိမ့်ဆုံးလိုအပ်ချက်နှင့် အမြင့်ဆုံးသော ခံနိုင်ရည်ကို ဖော်ဆောင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပေသည်**

❖ **သတ္တုဓာတ်များသည် အရိုးများနှင့် သွားများကဲ့သို့သော အရိုးတည်ဆောက်မှုများအတွက် အရေးကြီးသောအစိတ်အပိုင်းများဖြစ်**

ကိုးကားသည့်စာတမ်းများ

Banrie (2013), Importance, Optimization of Trace minerals in Shrimp/Fish nutrition for development of immunity.

CIBA Extension Manual (2016) Application of minerals in shrimp culture systems, Extension Series No:52.

FAO (1987), The Nutrition and feeding of farmed fish and shrimp – A training manual, Chapter –6.

National Research council of the National Academies (2011), Nutrient requirements of Fish and Shrimp chapter 8 (Pg 163–179).

ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံ၌ နှစ်စဉ် ဇူလိုင်၊ သြဂုတ်လများတွင် ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန် များပြားစွာရွာသွန်းမှုကြောင့် လျှပ်တပြက် ရေကြီးခြင်းများ၊ တောင်ပြို၊ မြေပြိုခြင်းများကို လည်း ကြုံတွေ့ရနိုင်ပါသည်။

၂။ ယခုနောက်ပိုင်းတွင် ရေဘေးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်း အတာအနေဖြင့် ရေဘေးဖြစ်ပွားမှုအကြိမ်ရေ(၁၄၄) ကြိမ် ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း (၂၇၉)လုံး ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့် တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ဒဏ်ရာရရှိမှု များပြားလှသည့် ဘေးအန္တရာယ်တစ်ခု ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေး အန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေး မဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ် ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြွံနိုင်မှုကို စစ်ဆေးပါ၊

(ခ) မိသားစုများအရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစု ဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊

(ဂ) ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင် ထားရှိပါ၊

(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့် ပေများကို သိရှိမှတ်သားထားပါ၊

(င) သောက်သုံးရေများ ကြိုတင်စုဆောင်း ထားပါ၊

(စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ် ဖြစ်နိုင်သောနေရာများကို မြင်သာ သော အမှတ်အသားထားရှိပါ၊

(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ် အသက်ကယ်ပစ္စည်းများကို ကြိုတင် ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်း သတိပေးချက်ရလျှင် ပြည်သူများ အနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာ ဆောင်ရွက်ကြရန် လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန် ကြေညာသော မိုးလေဝသသတင်းများ ကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊

(ခ) တောင်ပေါ်ဒေသများ ချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်း တစ်လျှောက်တွင် လျှပ်တစ်ပြက် ရေကြီးခြင်းများ ဖြစ်နိုင်ကြောင်း သတိပြု ကြပါ၊

(ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာ နှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ၊

(ဃ) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင် ထားပါ၊

(င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြား ချက်ရရှိပါက ရွှေ့ချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် ပြည်သူများ အနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန် အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန် ကြေညာသော မိုးလေဝသသတင်းများ ကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊

(ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်း ခလုတ်များကို ပိတ်ထားပါ၊

(ဂ) သောက်သုံးရေသန့်(သို့) ကျိုချက်ထား သော ရေ(သို့) ရေသန့်ဆေးခတ်ထား သော ရေကိုသာ အမြဲသောက်သုံးပါ၊

(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံ အတွင်း၌ ရှိ မရှိ စစ်ဆေးပါ၊

(င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင် ထားခြင်း မပြုလုပ်ပါနှင့်၊

(စ) ရေကြီးသော ဒေသများတွင် မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတတ် သောကြောင့် မြစ်၊ ချောင်းကမ်းပါးများ အနီးသို့ မသွားပါနှင့်၊

(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက် ခြင်းများ မပြုလုပ်ပါနှင့်၊

(ဇ) ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများ အနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြု လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ် ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အဓိက်များအား စနစ်တကျရှင်းလင်း ခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်း များ ပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာ သို့ အကြောင်းကြားပြီး ကူညီရှင်းလင်း ပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေ ဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ် များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည် ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန် ကြေညာခြင်း မဟုတ်သည့် ကောလာ ဟလ သတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနှံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(စျ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက် ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိ သည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီ တောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန



ယူရို ၂၀၂၄ ပြိုင်ပွဲ ဆီမီးဖိုင်နယ်မှ နယ်သာလန်နဲ့ အင်္ဂလန်အသင်းပွဲစဉ်ကို ဇူလိုင် ၁၁ ရက် နံနက် ၁ နာရီခွဲမှာ ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်အသင်းက နိုင်ပွဲရယူပြီး ဗိုလ်လုပွဲတက်လှမ်းသွားမလဲ စောင့်ကြည့်သွားရမှာဖြစ်ပါတယ်။

ယူရို ၂၀၂၄ ပြိုင်ပွဲ ဆီမီးဖိုင်နယ်

နယ်သာလန် - အင်္ဂလန် နံနက် ၁း၃၀

တိုက်စစ်အဆုံးသတ်သေချာတဲ့အသင်းသာ ဗိုလ်လုပွဲ တက်လှမ်းမယ်

■ မိုးဇော် - ရေသားသည်

နယ်သာလန် VS အင်္ဂလန်



ဒီပေး (တိုက်စစ်)

၉၇ ပွဲကစား ၄၆ ဂိုးသွင်း

ကစားဟန်မာကျောတဲ့ ဆွစ်ဇာလန်ကို ကျော်ဖြတ်လာတဲ့ အင်္ဂလန်အသင်းရဲ့ တိုက်စစ်ထက် တူကိယဲကို အနိုင်ယူကျော်ဖြတ်လာတဲ့ နယ်သာလန်အသင်းရဲ့ တိုက်စစ်က သာလွန်မှုရှိတယ်။

အင်္ဂလန်အသင်းမှာ ပွဲရလဒ်ကို အချိန်မရွေးပြောင်းလဲနိုင်စွမ်းရှိတဲ့ ကမ္ဘာ့အဆင့်ထိပ်တန်းကစားသမားတွေ အများအပြားရှိသော်ငြား ယခု နှစ် ယူရိုပြိုင်ပွဲမှာ သွင်းဂိုးရရှိရေး ရုန်းကန်နေရတယ်။ ပြိုင်ဘက် နယ်သာလန်အသင်းက ဂတ်ပို့၊ ဒီပေးတို့ ခြေစွမ်းပြဿနိုင်မှုနဲ့အတူ ရရှိလာတဲ့ အခွင့်အရေးကို ဂိုးအဖြစ်ပြောင်းလဲနိုင်စွမ်းရှိတယ်။ ဒီနှစ်သင်း ထိပ်တိုက်တွေ့ဆုံထားတဲ့ နောက်ဆုံးလေးကြိမ်မှာ နယ်သာလန်အသင်းက သုံးကြိမ်နိုင်ပြီး တစ်ကြိမ်ရှုံးနိမ့်ထားတယ်။ မည်သို့ပင်ဆိုစေ ဒီနှစ်သင်း တွေ့ဆုံတိုင်း အကြိတ်အနယ်ရှိပြီး အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရလေ့ရှိတယ်။ တိုက်စစ်အဆုံးသတ်သေချာတဲ့အသင်းသာ ယူရို ၂၀၂၄ ပြိုင်ပွဲ ဗိုလ်လုပွဲကို တက်လှမ်းဖွယ်ရှိတယ်။



ကိန်း (တိုက်စစ်)

၉၆ ပွဲကစား ၆၅ ဂိုးသွင်း

MFF အပျော်တမ်းဖူဆယ် ရှုံးထွက်ပွဲစဉ်များ စတင်ကျင်းပမည်

ရန်ကုန် ဇူလိုင် ၉

၂၀၂၄ MFF အပျော်တမ်းဖူဆယ်ပြိုင်ပွဲ ရှုံးထွက်အဆင့်ပွဲစဉ်များကို ဇူလိုင် ၁၀ ရက် (ယနေ့) စတင်ကျင်းပမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များမှာ ဇူလိုင် ၈ ရက်က ပြီးဆုံးခဲ့ပြီး နောက်တစ်ဆင့် တက်ရောက်လာသည့် အသင်း ၂၀ အနက် ၁၂ သင်းမှာ ရှုံးထွက်အဆင့်မှ စတင်ကစားရပြီး ရှုံးသင်းမှာ Pre Knock Out အဆင့်မှ စတင်ကစားရမည်။

ဇူလိုင် ၁၀ ရက်တွင် Pre Knock Out ပွဲစဉ်များအဖြစ် Seven အသင်းနှင့် 5 TWSP အသင်း၊ Marga အသင်းနှင့် တော်ဝင်နန်းအသင်း၊ College အသင်းနှင့် Futsal-94 အသင်း၊ RE United အသင်းနှင့် Jullniss အသင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရှုံးထွက်အဆင့်ပွဲစဉ်များကို ဇူလိုင် ၁၁၊ ၁၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး 7 Brothers အသင်းနှင့် ပစ်တိုင်းထောင်အသင်း၊ Gold Dream အသင်းနှင့် Fanatics အသင်း၊ လက်ဝဲလူငယ်အသင်းနှင့် Sar Bal Gyi Doh အသင်း၊ RPG အသင်းနှင့် Bushido အသင်း၊ Power HBI အသင်းနှင့် Seven / 5 TWSP ပွဲမှ အနိုင်ရသည့်အသင်း၊ FCT Youth အသင်းနှင့် Marga/ တော်ဝင်နန်းပွဲမှ အနိုင်ရသည့်အသင်း၊ ကြယ်စင်လင်းအသင်းနှင့် College/ Futsal-94 ပွဲမှ အနိုင်ရသည့်အသင်း၊ Yankin Brotherhood အသင်းနှင့် RE United/ Jullniss ပွဲမှ အနိုင်ရသည့်အသင်းနှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။

အုပ်စုပထမနှင့် ဒုတိယနေရာရရှိမှုမှာ အုပ်စု(A) ၌ Power HBI အသင်းနှင့် Bushido အသင်း၊ အုပ်စု (B) ၌ 7 Brothers အသင်းနှင့် Futsal-94 အသင်း၊ အုပ်စု (C) ၌ FCT Youth အသင်းနှင့် RE United အသင်း၊ အုပ်စု (D) ၌ Gold Dream အသင်းနှင့် Jullniss အသင်း၊ အုပ်စု (E) ၌ ပစ်တိုင်းထောင်အသင်းနှင့် College အသင်း၊ အုပ်စု (F) ၌ ကြယ်စင်လင်းအသင်းနှင့် Seven အသင်း၊ အုပ်စု (G) ၌ လက်ဝဲလူငယ်အသင်းနှင့် 5 TWSP အသင်း၊ အုပ်စု (H) ၌ Yankin Brotherhood အသင်းနှင့် Marga အသင်း၊ အုပ်စု (I) ၌ RPG အသင်းနှင့် တော်ဝင်နန်းအသင်း၊ အုပ်စု (J) ၌ Sal Bal Gyi Doh အသင်းနှင့် Fanatics အသင်းတို့ နောက်တစ်ဆင့် တက်ရောက်ခဲ့သည်။

ညီမြတ်သော်တာ

ကချင်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့သို့ အလှူငွေနှင့် စားသောက်ကုန်များ ပေးအပ်လှူဒါန်းပွဲနှင့်ရေဘေးအန္တရာယ်အပေါ်အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများ ဆောလျင်စွာ စနစ်တကျစီမံဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်

မြစ်ကြီးနား ဇူလိုင် ၉

ကချင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေ စုံချိန်တင်ကြီးမြင့်ခဲ့ပြီး မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်၊ ရွှေကူမြို့နယ်များတွင် ရေကြီး/ရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကူညီကယ်ဆယ်စောင့်ရှောက်ပေးလျက်ရှိရာ ရေဘေး သင့်ပြည်သူများအား ကူညီထောက်ပံ့နိုင်ရေးအတွက် ဒေသခံအလှူရှင်များက ပြည်နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့သို့ ငွေသားနှင့် စားသောက်ကုန်ပစ္စည်းများ လှူဒါန်းပွဲကို ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး ခါကာဘိုရာဇီခန်းမ၌ ကျင်းပသည်။



ကျေးဇူးတင်ဂုဏ်ပြု

လှူဒါန်းပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အလှူရှင်များအား မိမိတို့၏ ညီအစ်ကိုမောင်နှမများဖြစ်သည့် ရေဘေးသင့်ပြည်သူများအတွက် ယခုလို လာရောက်ထောက်ပံ့လှူဒါန်းပေးခြင်းကို ပြည်သူများကိုယ်စား မှတ်တမ်းတင် ဂုဏ်ယူပါကြောင်း ပြောကြားကာ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အတွက်ဖြစ်ကြီးနားမြို့နေ ဦးရဲရင့်ဆွေမိသားစုက ငွေကျပ်သိန်း ၅၀၀၊ **(အပေါ်ယာဝုံ)** ယူနန်ပေါင်ဆန်းဟိန်းယိအုပ်စုကုမ္ပဏီလီမိတက်က ငွေကျပ် သိန်း ၁၀၀၊ ဆန်အိတ် ၁၀၀ နှင့် ကြက်ဥအလုံး ၁၈၀၀၀၊ ရွှေသစ်သီးစိုက်ပျိုးရေး ကုမ္ပဏီက ဆန်အိတ် ၁၀၀၊ ဦးမျိုးမြင့်အောင်(Centric Food Co.,Ltd) က ငွေကျပ် ၇၇ သိန်းတန် ဖိုးရှိ စားအုန်းဆီပိသာ ၁၁၀၀ ၊ ပြည်နယ်ဆီလုပ်ငန်းရှင်များ အသင်းက ငွေကျပ် ၁၀ သိန်းနှင့် မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းက ငွေကျပ် ငါးသိန်းတို့ဖြင့် စုစုပေါင်းငွေကျပ် ၆၁၅ သိန်း၊ ဆန်အိတ် ၂၀၀၊ စားအုန်းဆီပိသာ ၁၁၀၀နှင့် ကြက်ဥ အလုံး ၁၈၀၀၀ လှူဒါန်းမှုအား လက်ခံရယူပြီး ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများစီမံ

ထို့အတူ မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် ပြည်နယ်အတွင်း ဖြစ်ပေါ် လျက်ရှိသည့် ရေကြီး၊ ရေလျှံမှုဖြစ်စဉ်များအပေါ် အရေးပေါ်တုံ့ပြန်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဆောလျင်စွာဖြင့် စနစ်တကျစုဖွဲ့၍ စီမံဆောင်ရွက်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ဧရာဝတီမြစ်ရေကြီးမြင့်မှု၊ မိုးသည်းထန်စွာ ရွာသွန်းမှုတို့ကြောင့် မြစ်ကြီးနား၊ ဝိုင်းမော်၊ တနိုင်း၊ ဖားကန့်မြို့နယ်များတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပါကြောင်း၊ အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများ ကောင်းမွန်စွာဆောင်ရွက်နိုင်ခဲ့သဖြင့် လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိသော်လည်း စိုက်ပျိုးမြေများနှင့် လမ်း၊ တံတားနှင့် နေအိမ်အချို့ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ယနေ့ ရေပြန်လည်ကျဆင်းသည့် မြစ်ကြီးနားနှင့် ဝိုင်းမော်တို့တွင် ပြန်လည်ထူထောင်ရေးနှင့် သန့်ရှင်းရေး လုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီးဖြစ်သော်လည်း ကော်မတီအဖွဲ့ဝင်များအနေဖြင့် ပြန်လည် ထူထောင်ရေးနှင့်ထိခိုက်ဆုံးရှုံးမှုများအား စနစ်တကျ ပြီးပြည့်စုံအောင် အလျင်မြန်ဆုံးစီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်နယ်ကော်မတီဥက္ကဋ္ဌ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရက ပြည်နယ်အတွင်း သဘာဝဘေးဖြစ်ရပ်ဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့မှု၊ ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများနှင့် ပိုမိုကောင်းမွန်သော တုံ့ပြန်မှုများအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဖြစ်စဉ်/ဖြစ်ရပ်များအပေါ် လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ အလေးထား သတိပြုဆောင်ရွက်ရမည့် ကိစ္စရပ်များကို သုံးသပ်ဆွေးနွေးတင်ပြပြီး သက်ဆိုင်ရာကော်မတီများအလိုက် တာဝန်ရှိသူများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ရေကြီးမှုကြောင့် ကူညီကယ်ဆယ်ဆောင်ရွက်ခဲ့မှုများ၊ ရေဘေးသင့် ပြည်သူများအတွက် ကူညီထောက်ပံ့မှုနှင့် လှူဒါန်းလက်ခံရရှိမှု အခြေအနေများ၊ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရမည့် လုပ်ငန်းများ၊ ထိခိုက်ဆုံးရှုံးမှုများအပေါ် စစ်တမ်းကောက်ယူခဲ့မှုအခြေအနေများ၊ ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲ ကူးစက်ရောဂါများမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံကိန်းများ၊ ဖြစ်ပွားခဲ့သည့် သဘာဝဘေးဖြစ်စဉ်အပေါ် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအပေါ် လိုအပ်ချက်များ၊ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို သုံးသပ်ဆွေးနွေးတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က သဘာဝဘေးဖြစ်စဉ်/ ဖြစ်ရပ်များအပေါ် ကြိုတင်ကာကွယ်ရာတွင်လည်းကောင်း၊ အရေးပေါ်အခြေအနေတွင် တုံ့ပြန်ဆောင်ရွက်ရာတွင် လည်းကောင်း၊ ပြန်လည်ထူထောင်ရာတွင် လည်းကောင်း အတွေ့အကြုံများအပေါ် အားနည်းချက်/ အားသာချက်များကို သုံးသပ်လေ့လာပြီး ရှေ့ဆောင်ရွက်ရမည့်လုပ်ငန်းများကို စည်းလုံးညီညွတ်စွာဖြင့် စနစ်တကျစီမံဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

ဧရာဝတီနှင့်ချင်းတွင်း မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၉

ဧရာဝတီမြစ် ဖိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

ယနေ့နံနက် ၈ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့တွင် ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် (၅၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အောက်သို့ ပြန်လည် ကျဆင်းနိုင်သည်။

ရွှေကူမြို့တွင် ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် (၆၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ကသာမြို့တွင် ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် (၅၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မန္တလေးမြို့တွင် ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်ကိုင်းမြို့တွင် ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိ နေပါသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယခု နံနက် ၆ နာရီခွဲတိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် သပိတ်ကျင်းမြို့တွင် ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အထက်သို့ သုံးပေကျော်ခန့် (၉၇ စင်တီမီတာ)ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ် ဖိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

ယနေ့နံနက် ၈ နာရီခွဲတိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ခန္ဓီးမြို့တွင် ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အထက်သို့ ကိုးပေခန့် (၂၆၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အထက်သို့ ခြောက်ပေခွဲခန့် (၂၀၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မော်လိုက်မြို့တွင် ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အထက်သို့ ရှစ်ပေခွဲခန့် (၂၅၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ကလေးဝမြို့တွင် ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အထက်သို့ ခြောက်ပေကျော်ခန့် (၁၈၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း သုံးပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ဖိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မင်းကင်းမြို့တွင် ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အထက်သို့ လေးပေခွဲခန့် (၁၄၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း နှစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မုံရွာမြို့တွင် ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် (၄၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ ဖိုးရိမ် ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဖောင်ပြင်မြို့တွင် ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အထက်သို့ ရှစ်ပေခွဲခန့် (၂၅၇ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ဖိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဒုဋ္ဌဝတီမြစ် ဖိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

ယနေ့နံနက် ၈ နာရီခွဲတိုင်းထွာချက်များအရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

နန့်ယင်းချောင်းဖိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

ယနေ့နံနက် ၈နာရီခွဲတိုင်းထွာချက်များအရ နန့်ယင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

နန့်ကောင်းချောင်း ဖိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

ယနေ့နံနက် ၈ နာရီခွဲ တိုင်းထွာချက်များအရ နန့်ကောင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် (၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ ဖိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ဗန်းမော်မြို့နယ်၊ ရွှေကူမြို့နယ်၊ ကသာမြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ ခန္ဓီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်၊ ဖောင်ပြင်မြို့နယ်၊ မိုးကောင်းမြို့နယ်၊ မန္တလေးမြို့နှင့် မြစ်ငယ်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဧလ**



ပဲခူးတိုင်းဒေသကြီးအတွင်း အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ



ပဲခူး ဇူလိုင် ၉

ပဲခူးတိုင်းဒေသကြီး အတွင်း အခွန်ဘဏ္ဍာငွေ ပိုမိုတိုးတက်ရရှိစေရေး၊ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ဆောင်ရွက်စေရေး၊ အခွန်ကြွေးကျန်များ၊ အခွန်တိမ်းရှောင်မှုနှင့် အခွန်လွတ်ကင်းမှုမရှိစေရေး အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက ပဲခူးမြို့သိရိဟံသာခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးဌိုင်းဌိုးက တိုင်းဒေသကြီးအတွင်း စားသောက်ဆိုင်လုပ်ငန်း၊ ဟိုတယ်/ တည်းခိုခန်း လုပ်ငန်း၊ ရွှေထည် လက်ဝတ်ရတနာ ရောင်းချသည့် လုပ်ငန်း၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချသည့်လုပ်ငန်း စုစုပေါင်း လုပ်ငန်းရှင် ၃၈၃ ဦးရှိကြောင်း၊ စားသောက်ဆိုင်များတွင်လည်း ပြေစာ တောင်းယူနိုင်ရန်အတွက် စားသုံးသူ မိဘပြည်သူများသို့ အသိပေးနှိုးဆော်စာ ကြော်ငြာဒီနိုင်းများ ကပ်ထားပြီးဖြစ်ကြောင်း၊ ပြေစာရရှိသော်လည်း အခွန်အမှတ်တံဆိပ် ကပ်နှိပ် ထားမှု မရှိခြင်း၊ ကျသင့်အခွန်နှင့် ညီမျှသော အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားမှု မရှိခြင်းများ တွေ့ရှိပါက အထောက်အထား နှင့်အတူ နီးစပ်ရာ အခွန်ရုံးသို့ တိုင်ကြားနိုင်ကြောင်း၊ နိုင်ငံတော် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးဖော်ပြောင်းလဲနိုင်ရန်အတွက် အခွန်ထမ်းများက တာဝန်သိသိ အခွန်ကို လိုလားစွာ ပေးဆောင်ကြစို့ အခွန်ထမ်းပြည်သူများက ပိုင်းဝန်းပူးပေါင်း ကူညီ ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဟိုး လှိုင်က အခွန်ဆိုင်ရာ သိမှတ် ဖွယ်ရာများအကြောင်း ရှင်းလင်း ဆွေးနွေးပြီး တက်ရောက် လာသော အခွန်ထမ်းပြည်သူများ က သိလိုသည်များကို မေးမြန်း ဆွေးနွေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားကြောင်း သိရသည်။ **ကိုတွတ် (ပြန်/ဆက်)**



မကွေးတိုင်း ဒေသကြီး နတ်မောက်မြို့နယ် စည်ပင် သာယာရေးအဖွဲ့ရုံး၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာသင် ထောက်ပံ့ကြေး ပေးအပ်ပွဲကို ဇူလိုင် ၇ ရက်က အဆိုပါရုံးခန်းမ၌ ကျင်းပရာ မြို့နယ် စည်ပင်သာယာရေး အဖွဲ့ကော်မတီဥက္ကဋ္ဌ ဦးကျော်မောင်က ဝန်ထမ်းများ၏ သားသမီးများကို ပညာသင် ထောက်ပံ့ကြေး ပေးအပ်စဉ်။

လှဝင်း (နတ်မောက်)

သာပေါင်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရပ်ကွက်၊ ကျေးရွာများအရောက် ဆောင်ရွက်ပေး



သာပေါင်း ဇူလိုင် ၉

ဧရာဝတီတိုင်း ဒေသကြီး သာပေါင်းမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနက ပန်းခင်းစိမ်ချက်(၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရပ်ကွက်၊ ကျေးရွာများအရောက် ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၉ ရက်က အမှတ်(၂) ရပ်ကွက် မြို့သစ် (၂) လမ်းရှိ မြို့သစ်ဆွမ်းလောင်း ဓမ္မာရုံ၌ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးမြင့်မြတ်ဇော်၏ ဦးဆောင်မှုဖြင့် မြို့နယ်ရုံး ဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာအုပ်စုများနေ ပြည်သူများတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူများ တစ်ဦးချင်းအလိုက် အကွက်အပေါက်များ စိစစ်ခြင်း၊ အိမ်ထောင်စု လူဦးရေ စာရင်းနှင့် နိုင် ငံ သားစိစစ် ရေး ကတ်ပြား မရှိသူများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုလုပ်ပေးပြီး နိုင်ငံသား စိစစ်ရေးကတ် ကိုင်ဆောင်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် မပျောက်ပျက်အောင် ထိန်းသိမ်းရမည့် နည်းလမ်းများကို အသိပညာပေး ပြောကြားကာ အမှတ်(၂)ရပ်ကွက်နေ ပြည်သူများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေး ကတ်ပြားများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မျိုးစေ့သိန်း (ပြန်/ဆက်)

သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး

မြန်မာ့အလင်း

စာတည်းမှူးချုပ်	–	အောင်နိုင်ဦး
စာတည်းမှူး	–	မြင့်စိုး
သတင်းထောက်မှူး	–	ခင်ရတနာ
စာတည်းများ	–	ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန် စာတည်း	–	ခြူးစန်ဒေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	–	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ	–	ဇော်ပိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက်	–	တင်စိုး
သုတေသန	–	အိအိခင်နှင့် အဖွဲ့
စာပြင်	–	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	–	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	–	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	–	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	–	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၃၊ ဖက်စ် ၀၆၇-၃၆၁၄၄၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ဌေးရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၈၊ ၀၆၇-၃၆၁၄၈၊ မြန်မာ့ချစ်ရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by MPE
www.mdn.gov.mm

ယနေ့ဈေးကွက်ပေါက်ဈေးများ

၉ - ၇ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၄၈၅ ကျပ်	၂၅၆၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၉၁၅ ကျပ်	၂၉၉၀ ကျပ်
အောက်တိန်း ၉၂	၂၆၈၅ ကျပ်	၂၇၆၅ ကျပ်
အောက်တိန်း ၉၅	၂၈၁၅ ကျပ်	၂၈၉၅ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

ဧရာဝတီမြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဇူလိုင် ၉

ယနေ့မွန်းလွဲ ၁ နာရီ၌ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် တစ်ပေခန့် (၂၄ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီ အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

မြင်းမူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ ပခုက္ကူမြို့နယ်နှင့် မြင်းမူမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရွယ်ယာစောင်ရေ	ရွယ်ယာတန်ဖိုး (ကျပ်)
FMI	၈၉၀၀	၈၉၀၀	၁၆၄	၁၄၅၉၆၀၀
MTSH	၃၃၀၀	၃၃၅၀	၉၂၉	၃၁၀၂၇၅၀
MCB	၈၂၀၀	၈၂၀၀	၁၂၁	၉၉၂၂၀၀
FPB	၁၇၀၀	၁၇၀၀	၆၃၁၀	၁၀၇၃၅၀၀၀
TMH	၂၇၀၀	၂၈၀၀	၇၃	၁၉၉၄၀၀
EFR	၁၈၀၀	၁၈၀၀	၅၈၀	၁၀၅၉၀၀၀
AHPC	၀	၀	၀	၀
MAEPC	၃၆၀၀	၃၅၀၀	၁၆၂၂	၅၆၃၈၅၀၀

လှည်းကူးမြို့နယ်၌ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၉

သစ်တော ဦးစီးဌာနနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်က လှည်းကူးမြို့နယ် ဝါးနက်ကုန်း ကျေးရွာအုပ်စု (ကျောင်းစု) ကုန်ထုတ် မြေသားလမ်း ဘေး၀ဲ/ယာ၌ ကျင်းပသည်။



သစ်ပင် စိုက်ပျိုးပွဲသို့ လှည်းကူးမြို့နယ် သစ်တော ဦးစီးဌာန ဦးစီးအရာရှိနှင့် သစ်တောဝန်ထမ်းများ၊ ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးဘသိန်းနှင့် ဝန်ထမ်းများ၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန္တာစိုးနှင့် ဝန်ထမ်းများ၊ ဝါးနက်ကုန်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူ ၁၈၀ ကျော်တို့က စုပေါင်း၍ မန်ကျန်ရှား ၁၅၈၀၊ မဟော်ဂနီ ၅၀၀၊ ပျဉ်းကတိုး ၅၀၀၊ ပျဉ်းမ ၅၀၀ စုစုပေါင်း ၃၀၈၀ ကို စုပေါင်း၍ စိုက်ပျိုးခဲ့ကြသည်။ **အာကာလင်း**

ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
အမရပူရခရိုင်တရားရုံးတော်
၂၀၂၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၃

ကွယ်လွန်သူ ဦးစိုးမြင့်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ နဲ့ခရပ်၊ ဘုံးအိုး ကျေးရွာအုပ်စုဌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးစိုးမြင့်၏ ကျန်ရစ်သည့် အမရပူရမြို့နယ်၊ ဟသံရပ်၊ ကွင်းအမှတ်(၆၁၈-ဟသံ)၊ ဦးပိုင်အမှတ်(၇၁)၊ ဧရိယာ(၃၁၁၀၀၈)ကေ အကျယ်အဝန်းရှိ ကိုင်းမြေကွက်နှင့် ပတ်သက်၍ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်စန်းစန်းဝေက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၂၃ရက် (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆုတ် ၃ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးစိုးမြင့်၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၂၃ရက် (၁၃၈၆ခုနှစ်၊ ဝါဆိုလဆုတ် ၃ ရက်) ၌ မိမိတို့ ကိုယ်တိုင်သော် လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်း ကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ခွင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်စန်းစန်းဝေ၏ လျှောက်လွှာ အပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှု အကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ခုနှစ်၊ ဇူလိုင်လ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စန်းစန်းဝင်း)
ခရိုင်တရားသူကြီး
အမရပူရခရိုင်တရားရုံး

ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
အမရပူရခရိုင်တရားရုံးတော်
၂၀၂၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၅

ကွယ်လွန်သူ ဦးစိုးမြင့်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ နဲ့ခရပ်၊ ဘုံးအိုး ကျေးရွာအုပ်စုဌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးစိုးမြင့်၏ ကျန်ရစ်သည့် အမရပူရမြို့နယ်၊ ဟသံရပ်၊ ကွင်းအမှတ်(၆၁၈-ဟသံ)၊ ဦးပိုင်အမှတ်(၇၁)၊ ဧရိယာ(၃၁၁၀၀၈)ကေ အကျယ်အဝန်းရှိ ကိုင်းမြေကွက်နှင့် ပတ်သက်၍ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်စန်းစန်းဝေက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၂၃ရက် (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆုတ် ၃ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးစိုးမြင့်၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၂၃ရက် (၁၃၈၆ခုနှစ်၊ ဝါဆိုလဆုတ် ၃ရက်) ၌ မိမိတို့ကိုယ်တိုင်သော် လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့် သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ခွင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်စန်းစန်းဝေ၏ လျှောက်လွှာ အပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှု အကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ခုနှစ်၊ ဇူလိုင်လ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စန်းစန်းဝင်း)
ခရိုင်တရားသူကြီး
အမရပူရခရိုင်တရားရုံး

မြောင်းမြခရိုင်၌ ရွှေခရုကြိုတင်ကာကွယ်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

မြောင်းမြ ဇူလိုင် ၉

ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲနှင့် မြောင်းမြခရိုင်အတွင်းရှိ မြောင်းမြ၊ အိမ်ဖ၊ ဝါးခယ်မ မြို့နယ်တို့မှ စိုက်ပျိုးရေးဝန်ထမ်းများ ပူးပေါင်း၍ မိုးစပါးစိုက်ခင်းများတွင် ရွှေခရုကြိတ်ကာကွယ်ရေးနှင့် နှိမ်နင်းရေး လုပ်ငန်းများကို ကျေးရွာရောက် တောင်သူများနှင့်တွေ့ဆုံ၍ ဆွေးနွေးပညာပေးခြင်း၊ ရွှေခရု စုပေါင်းကောက်ယူခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

တောင်သူများအား မေ ၁ ရက်မှ စတင်ကာ လိုက်လံနှိုးဆော်ခြင်း၊ ပညာပေးခြင်းများကို ယခုချိန်ထိ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အထိ ဧရာဝတီတိုင်းဒေသကြီးအတွင်း ရွှေခရု ကျရောက်မှု ၃၆၃ ကေကို ကာကွယ်နှိမ်နင်း လျက်ရှိပြီး ထိခိုက်ပျက်စီးမှုမရှိသေးကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



သန်လျင်မြို့နယ်အတွင်း ပြင်းထန်ဝဲမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင် ၉ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ စွေးများ၊ ကျောင်းများ၊ ရိပ်သာများ၊ ဘုန်းတော်ကြီးကျောင်းများရှိ ရေတွင်း ရေကန်များကို ကလိုရင်ဆေးရည်များ ခတ်ပေးစဉ်။ သန်းဝင်း (သန်လျင်)

ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ ကြာကန်ကျေးရွာ အလကကျောင်း Grade-3မှ မောင်ထက်ဖြိုးလှိုင်၏ ဖခင် ဦးစန်းလင်း၏ အမည်မှန်မှာ ဦးဆန်းလင်း ၈/စလန (နိုင်)၁၄၆၀၅၆ ဖြစ်ပါကြောင်း။

ဦးဆန်းလင်း

အမည်မှန်

ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ထွဲလ-၁၀ Grade-5မှ မကဖူးဝေ၏ ဖခင်အမည် ဦးအောင်လင်း၏ အမည်မှန်မှာ ဦးအောင်ထွန်း ၁၂/ဒဂဝတ(နိုင်)၁၁၅၃၃၆ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွေပြည်သာမြို့နယ်၊ သံဒင်း(၁၉)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၇)၊ မြေကွက်အမှတ်(၅၈၄/က)ရှိ **ဒေါ်ချိုချိုမာ** (၁၂/လမန(နိုင်)၀၄၀၅၇၄) အမည်ပေါက် မြေချပါမစ်မူရင်း၊ ဧရိယာအကျယ်အဝန်း(၂၀၀ x ၆၀၀) ခြံမြေကွက်နှင့် မြေကွက်အမှတ်(၅၈၄/က)၊ ဦးအမိလ်ဟူစိန်(AKB-၁၈၉၄၀၂) အမည်ပေါက် မြေချပါမစ်မူရင်း၊ ဧရိယာအကျယ်အဝန်း(၂၀၀ x ၆၀၀) ရှိ ခြံမြေကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုသူ ဦးဝင်းမိုင်(၉/မသန(နိုင်)၁၅၈၂၉၂) ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ **ဒေါ်ဆန်းဝင်းဖြင့်**(၁၁/ကတန(နိုင်)၀၈၈၀၉၂) မှ အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျရိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ စ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဆန်းဝင်းဖြင့် ၏လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်စုရည်လှိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၄၅)
အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊ ဒဂုံမြို့ သစ်(မြောက်ပိုင်း)
မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၄၄၉၉၂၂ ၀၉-၆၉၃၅၆၃၇၈၅

ကန့်ကွက်နိုင်ရန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအလယ်ရပ်ကွက်၊ မြို့ကုန်း ၂လမ်း၊ အမှတ် (၁၀)ရှိ အလုပ်(၂၀၀)x၆၀ အနှံ (၆၀)ပေနှံရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ် တည်ဆောက်ထားသော အုတ်ခံ+ပျဉ်ထောင်(၂)ထပ် သုံခြိမ်း နေအိမ်အဆောက်အအုံ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးဝင်း (၁၂/သကတ(နိုင်)၀၂၄၂၀၆) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဝိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေများကို ၉-၇-၂၀၂၄ရက်တွင် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခိုင်ဝေမွန် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၇၇)
အမှတ်(၈၃)၊ အခန်း(၁၁)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၉၅၇၀၄၉၆၂၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရုံကွက်၊ ဆန်စက်လမ်းနှင့်ဖန်ချက်လမ်းကြား၊ မှတ်ပုံတင်အိမ်ရာ(၂)၊ တိုက်ခန်းအမှတ်-2B-726 တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း၊ အရှေ့အနောက်ဘက်အလျားတွင်း ဝန်ခံကတိပြုသူ ဒေါ်မောမရွှေ (၁၀/မဃမ(နိုင်)၁၇၃၀၂၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးမျိုးမင်းထွေး (၇/၁၃နန(နိုင်)၁၃၄၀၇၆)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L) **ဒေါ်ခင်စောသိန်း (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၅၃၃) **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)**
တိုက်(၁၀/၁)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၀၉၉

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၁၇ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၈၆ ဒသမ ၉ ကီလို ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၉

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၁၇ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၈၆ ဒသမ ၉ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၅ ရက် ညနေ ၃ နာရီက မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၁၁၄ x ၁၁၅ ကြား၊ ဂျာ (C) လမ်းတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ကြိုတင်သတင်းရရှိထားသည့် TOYOTA PROBOX မော်တော်ယာဉ်နှင့် SUPER CUSTOM မော်တော်ယာဉ်တို့ ရောက်ရှိလာ၍ ရှာဖွေစစ်ဆေးခဲ့ရာ စိုးခိုင်၊ နန်းအေးဖောင်း၊ နန်းယိမ်းအွမ်နှင့် ထွန်းလင်းအောင် တို့ လေးဦးနှင့်အတူ SUPER CUSTOM ယာဉ်ပေါ်မှ ဘိန်းဖြူ ၂၂ ကီလို



သိမ်းဆည်း ရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ချမ်းမြသာစည်မြို့နယ် ဆ/၂ရပ်ကွက် ၇၁ လမ်းရှိ ထွန်းလင်းအောင် ဌားရမ်းနေထိုင်သည့် ခေအိမ်မှ ဘိန်းဖြူ ၆၄ ဒသမ ၉ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုး ငွေကျပ် ၂ ဒသမ ၁၇ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၈၆ ဒသမ ၉ ကီလို သိမ်းဆည်း ရမိခဲ့ကြောင်း စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ ဘိန်းဖြူများကို ရုံးပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် 5K/7794 ယာဉ်လက်ဝယ်ရှိသူ ဦးသော်ခင်ထွန်း ၇/တင(နိုင်)၁၅၇၇၁၁၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှရက်ပေါင်းအောက်မကျပါဘဲ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး
(တောင်ငူ)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် 81W/93592 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မင်းထွန်း ၇/ဖမန(နိုင်)၁၂၀၃၇၈၈(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှရက်ပေါင်းအောက်မကျပါဘဲ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး
(တောင်ငူ)

❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြင်ဦးလွင်မြို့၊ ခုတင်(၃၀၀)ဆံ့ ဆေးရုံကြီးဌာန တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သော အောက်ဖော်ပြပါဆေးနှင့် ဆေးပစ္စည်းများအား ဝယ်ယူမည် ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူ အပ်ပါသည်-

(က) ဆေးဝါးများ (FDA အသိအမှတ်ပြု)
(ခ) ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများ
(ဂ) ဓာတ်မှန်ဌာနသုံးဆေးပစ္စည်းများ
(ဃ) ဆေးရုံသုံးပစ္စည်းများ (Comsumables)

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ
စတင်ရောင်းချမည့်ရက် - ၁၀-၇-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့)
တင်ဒါဝိတ်မည့်ရက်နှင့်အချိန် - ၂၅-၇-၂၀၂၄ရက် (ကြာသပတေးနေ့)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေးပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးခန်းသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်း နိုင်ပါသည်။

ပြည်သူ့ဆေးရုံကြီးဖြင့်ပြင်ဦးလွင်မြို့
ဆက်သွယ်ရန်-ဖုန်း - ၀၉-၄၂၀၇၀၅၂၅၆
၀၉-၄၀၀၄၃၆၈၀၀

ကြော်ငြာစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃) အမရပူရခရိုင်တရားရုံးတော် ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၂၆

ကွယ်လွန်သူ ခေါ်မြဆင်(ခ)ခေါ်မြတ်ဆင်၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့် အမှု

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ တာလင်းကြီး ကျေးရွာအုပ်စု၊ ဝဲကြီးဆင်ရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ခေါ်မြဆင်(ခ) ခေါ်မြတ်ဆင်၏ ကျန်ရစ်သည့် အမရပူရမြို့နယ်၊ တာလင်းကြီးကျေးရွာအုပ်စု၊ ဝဲကြီးဆင်ရွာ၊ ကွင်းအမှတ်(၅၄၄)၊ ဦးပိုင်အမှတ်-၁၇(က/ဂ)၊ ဧရိယာ(၁.၇)ကေ အကျယ်အဝန်းရှိ ကိုင်းမြေကွက်နှင့် ပတ်သက်၍ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ခေါ်မော်မော်က အမွေဆက်ခံခြင်းအက်ဥပဒေ အရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၃ရက် (၁၃၈၆ ခုနှစ်၊ ၀၁ဆိုလဆုတ် ၃ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ခေါ်မြဆင်(ခ) ခေါ်မြတ်ဆင်၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အရိုရိုသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၂၃ရက်(၁၃၈၆ခုနှစ်၊ ၀၁ဆိုလဆုတ် ၃ရက်)၌ မိမိတို့ကိုယ် တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်ထုတ်ပေးမှု မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက် ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက် သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ခေါ်မော်မော်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာ တွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စန်းစန်းဝင်း)
ခရိုင်တရားသူကြီး
အမရပူရခရိုင်တရားရုံး

ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ တာပတွင်း မူလတန်းကျောင်း Grade-5မှ မသွစောအောင်နှင့် Grade-3မှ မချယ်ရီမိုးတို့၏ ဖခင် ဦးစိန်ခိုလင်း၏ အမည်မှန်မှာ ဦးထိန်လင်း ဖြစ်ပါကြောင်း။

ဦးထိန်လင်း

ဖခင်အမည်မှန်

ဦးမျိုးဇော်ထွန်း၏သား မွန် ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ မူလွန် (တောင်ဖရဲ) Grade-6 မှ မောင်အောင်နိုင်မျိုး၏ ဖခင်အမည် မှန်မှာ ဦးမျိုးမင်းဇော် ၁၂/တကန (နိုင်) ၁၅၃၈၈၆ ဖြစ်ပါကြောင်း။

ဦးမျိုးမင်းဇော်

ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၆-၂၀၂၄ရက်ထုတ် ဤ သတင်းစာ စာမျက်နှာ(၂၁)တွင် ပါသော မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိမှား၍ လျှောက်ထားခြင်း 83W/8635 အစား 83W/18635 ဟုပြင်ဆင်ဖတ်ရှုပါရန်။

ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အ.ထ.က (၁)တွင်ပညာသင်ကြား နေသော Grade -12 SE(2)မှ မောင်ဝဏ္ဏဖြိုးဇော် ဖခင်အမည်မှန်မှာ ဦးပု (စ/တကန (နိုင်)၁၀၂၆၃၃ ဖြစ်ပါကြောင်း။

ဦးပု
စ/တကန (နိုင်)၁၀၂၆၃၃

ကန့်ကွက်နိုင်ပါသည်

စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်းရှိ ပွဲရုံအဆောင် (၉၅) ဘေး၊ (၁၀ x ၂၀) ပေ ယာယီစတိုးဆိုင်ဝိုင်ရုံ ခေါ်စန်းရီ (PGU-၀၇၅၄၃၉) မှ ဦးကျော်စိုးအောင် (၁၂/အစန(နိုင်)၁၈၀၂၆၈)တို့လည်းကောင်း၊ ဦးကျော်စိုးအောင်မှ ဒေါ်မေမျိုးယဉ် (စ/မနမ(နိုင်)၀၀၅၄၈၁)တို့လည်းကောင်း ရောင်းချဝယ်ပြီးဖြစ်ပါ၍ ဒေါ်မေမျိုးယဉ်မှ ၎င်း၏အမည်သို့ ပြောင်းလဲမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း ကွပ်ကဲမှုရုံးသို့ စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် ကြေညာ ပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

တာဝန်ခံအရာရှိ
စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း
ကွပ်ကဲမှုရုံး
ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန

ကြော်ငြာစာ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇ မှော်ဘီခရိုင်တရားရုံးတော် ၂၀၂၄ ခုနှစ်၊ တရားမ အထွေထွေမှုအမှတ်-၃၄

ကွယ်လွန်သူ ဦးအဟုန်(ခ)ဦးအောင်ဝင်း၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့် အမှု

နန်းအောင်ခမ်း(ခ)စဝ်အောင်ခမ်း လျှောက်ထားသူ
(၎င်း၏အခွင့်ရကိုယ်စားလှယ် ခေါ်နင်းအေးဖြူ(ခ)နန်းနွမ်းခမ်း)

အမှတ်(၇၉/၆)၊ ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီးတွင် နေထိုင်သော ကွယ်လွန်သူ ဦးအဟုန် (ခ)ဦးအောင်ဝင်း၏ အမွေထိန်းလက်မှတ်စာရင်းသူ နန်းအောင်ခမ်း(ခ)စဝ်အောင်ခမ်း(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ခေါ် နင်းအေးဖြူ(ခ)နန်းနွမ်းခမ်း)က ကွယ်လွန်သူ ဦးအဟုန်(ခ) ဦးအောင်ဝင်း အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) ရပ်ထား သည့် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်ကုန်းကျေးရွာအုပ်စု၊ ကွင်း/အကွက် အမှတ် ဖေါ်၃၊ ကွင်း/အကွက်အမည်-ကုန်းအင်း၊ ဦးပိုင်အမှတ် ၁၈/၂ မြေအမျိုးနွင့် အတန်း(လယ်) ဥယျာဉ်စရိယာ(၂ဒသမ ၀၀)ကေ ရှိမြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရောင်းချလိုကြောင်း လျှောက်ထားလာသည် ဖြစ်၍ ထိုလျှောက်ထားမှုကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၇ ရက် (၁၃၈၆ ခုနှစ်၊ ၀၁ဆိုလဆန်း ၁၂ ရက်) နှင့်က ၁၀ နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာရင်းထုတ်ပေးမှု မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၀၇နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ၏ လျှောက်လွှာအပေါ်၌ စစ်ဆေး ဆောင်ရွက်ပြီးလျှင် အမွေအကြောင်းအရာတွင် စီရင်ချက်ချလိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကောင်းမြတ်တိုး)
ခရိုင်တရားသူကြီး
မှော်ဘီခရိုင်တရားရုံး

ကြော်ငြာစာ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇ မှော်ဘီခရိုင်တရားရုံးတော် ၂၀၂၄ ခုနှစ်၊ တရားမ အထွေထွေမှုအမှတ်-၃၃

ကွယ်လွန်သူ ဦးအဟုန်(ခ)ဦးအောင်ဝင်း၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

နန်းအောင်ခမ်း(ခ)စဝ်အောင်ခမ်း လျှောက်ထားသူ
(၎င်း၏အခွင့်ရကိုယ်စားလှယ် ခေါ်နင်းအေးဖြူ(ခ)နန်းနွမ်းခမ်း)

အမှတ်(၇၉/၆)၊ ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး တွင် နေထိုင်သော ကွယ်လွန်သူ ဦးအဟုန် (ခ)ဦးအောင်ဝင်း၏ အမွေထိန်း လက်မှတ်စာ ရင်္ဂါသူ နန်းအောင်ခမ်း(ခ)စဝ်အောင်ခမ်း(၎င်း၏အခွင့်ရကိုယ်စား လှယ် ခေါ်နင်းအေးဖြူ(ခ)နန်းနွမ်းခမ်း)က ကွယ်လွန်သူ ဦးအဟုန်(ခ)ဦးအောင်ဝင်း အမည်ဖြင့် လယ်ယာ မြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) ရပ်ထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်ကုန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ် ဖေါ်၃၊ ကွင်း/အကွက်အမည်-ကုန်းအင်း၊ ဦးပိုင်အမှတ် ၁၇/၂။ မြေအမျိုးနွင့် အတန်း(လယ်) ဥယျာဉ်စရိယာ(၅ ဒသမ ၀၀)ကေ ရှိမြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရောင်းချလိုကြောင်း လျှောက်ထားလာသည် ဖြစ်၍ ထိုလျှောက်ထားမှုကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၇ ရက် (၁၃၈၆ ခုနှစ်၊ ၀၁ဆိုလဆန်း ၁၂ ရက်) နှင့်က ၁၀ နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာရင်းထုတ်ပေးမှု မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၀၇နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ၏ လျှောက်လွှာအပေါ်၌ စစ်ဆေး ဆောင်ရွက်ပြီးလျှင် အမွေအကြောင်းအရာတွင် စီရင်ချက်ချလိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကောင်းမြတ်တိုး)
ခရိုင်တရားသူကြီး
မှော်ဘီခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ (တရားမကျင့်ထုံး၌ပုဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂) မဟာအောင်မြေခရိုင်တရားရုံးတော် ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉၇ နှင့် ဆက်နွယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၉၇

ဒေါ်ကေသီလှိုင်ငြိမ်း	နှင့်	၁။ ဦးသုရိန်ကိုကို ၂။ ဒေါ်ပိုးစောခြည်လွင်
(တရားနိုင်)		(တရားခံများ)

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရုံလိုက်၊ ၃၉ လမ်း နှင့် ၉၁ စီလမ်းထောင့်နေ ၁။ ဦးသုရိန်ကိုကို၊ ၂။ ဒေါ်ပိုးစောခြည်လွင် (ယခုနေရပ်လိပ်စာမသိသူ)တို့အား သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉၇ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည် ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင် ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၃၀)ရက် (၁၃၈၆ ခုနှစ်၊ ၀၆ဆိုလဆုတ် ၁၀ ရက်) နေ့မွန်းတည့်မီ ၉း၃၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်သီတာ)
ဒုတိယခရိုင်တရားသူကြီး(၂)
မဟာအောင်မြေခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး၌ပုဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) သဃ်န်းကျွန်းခရိုင်တရားရုံးတော် ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၁

ဒေါ်မြမြစန်	နှင့်	၁။ ဦးသိပာအောင် ၂။ ဦးစိုးလွင် ၃။ ဦးစည်သူအောင် ၄။ ဒေါ်နင်းအိအိခိုင် (ကိုယ်တိုင်နှင့် (၃)တရားပြိုင်၏အခွင့်ရကိုယ်စားလှယ်)
တရားလို		တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၃၇၁/က) နေ ဦးသိပာအောင် (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက “၂၅-၃-၂၀၂၁ ရက်နှဲပါ နှစ်ဦးသဘောတူ တိုက်နှစ်အဖြစ်အပိုင်အရောင်းအဝယ် သဘောတူကတိစာချုပ်ပျက်ပြယ်ကြောင်း၊ တရားလိုအပေါ် အကျိုးသက်ရောက်မှု မရှိကြောင်း ဖြေကြားပြောပေးစေ လိုမှုနှင့် တိုက်နှစ်လက်ရောက်ရလိုမှု” လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ် တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်ပတ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုရှိင်းပု ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၇)ရက် (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း (၁၂) ရက်နေ့) မွန်းတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုဏ် အဆိုလွှာကို ထူချေရုံးလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက် များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက် စာတမ်းများနှင့် သင်ကထူချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည် တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် (သို့မဟုတ်) သင့်ကိုယ်စားလှယ် ရှေ့နေလာကိုတင် ထည့်အပ်လိုက်ရမည်။ သင်က ထူချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်ခဲ့ (၃)ရက်ကတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ခုနှဲလ (၂၈) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင့်တင့်ဌေး)
တွဲဖက်ခရိုင်တရားသူကြီး (၃)
သဃ်န်းကျွန်းခရိုင်တရားရုံး

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ မူလွန်(တောင်ဖလု) Grade-7မှ(၁၁) ဦးဝင်းမွန်၏ သမီး မေအေးနန္ဒာဦး၏ဖခင် အမည်မှန်မှာ ဦးနိုင်ဦး ၁၀/သဖရ(နိုင်)၁၂၆၄၆ ဖြစ်ပါကြောင်း။

ဦးနိုင်ဦး

ဖောင်းကြွနုံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2P/9776 ၏ ဖောင်းကြွနုံပါတ်ပြား ပျောက် ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွ နုံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

ကညန
(ရွာသာကြီး)

မွေးသက္ကရာဇ်အမှန်

(၁၁)ဦးဇော်ဇော် ၏သမီး တောင်ကြီးမြို့၊ အထက (၈)၊ Grade-12(A) မှ မဝေမင်း အိမ်၏ မွေးသက္ကရာဇ်အမှန် မှာ (၃-၁-၂၀၀၇) ဖြစ်ပါ ကြောင်း။

ပတ်စ်ပို့ပျောက်

ကျောက်တဲလုံးကြီးမြို့နယ်၊ ပုံဆွေပင် (တ)နေ (၁၁)ဦးပျား၏သမီး နန်းခွေးဌေးဝင်း (၁၃/ကတလ(နိုင်) ၀၁၆၈၄၄)၏ နိုင်စဉ်ကူးလက်မှတ် အမှတ် (MG-550083) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၀၇၁၀၃၂

ဖောင်းကြွနုံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/2563 ၏ ဖောင်းကြွနုံပါတ်ပြား ပျောက် ဆုံး၍ ထုတ်ပေးရန် လျှောက် ထားလာပါသဖြင့် ယခင် ဖောင်းကြွနုံပါတ်ပြား ပျက်ပြယ် ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန
(ရွာသာကြီး)

ဖောင်းကြွဖျော်ပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 60W/37981 ၏ ဖောင်းကြွနုံပါတ်ပြား ပျောက်ဆုံး သွားပါ၍ ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနုံပါတ်ပြား ပျက်ပြယ်ပါ ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ဝဲနှင်း)

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ဖောင်ရွာရပ်ကွက်နေ မဝေဝေလွင် (စ/ကဆန(နိုင်) ၁၅၄၀၁၀ ပိုင်ဆိုင်သော အလျား(၄၃) ပေ အနံ(၁၈) ပေ ပေါ်တွင် အဆောက် အအုံဆောက်လုပ်မည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက (၁)ပတ် အတွင်း လာရောက်ကန့်ကွက်နိုင် ပါသည်။

မဝေဝေလွင်
(ဖုန်း-၀၉-၄၀၂၆၈၀၆၅၈)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/12075, Luojia 110 M/C ယာဉ်လက်ပတ် ရိုးသွန်းရိုး Khwar Nyo Trading Co.,Ltd က (က-၁၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာ ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(သာယာဝတီ)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 49W/34529, Honda Click-125 ယာဉ်လက်ပတ်ရိုးသွန်းရိုး ၁၄/ဟသတ(နိုင်)၀၂၈၂၅၄ က(က-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ဟသံတ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/63473, Kenbo - 125, M/C ယာဉ်လက်ပတ်ရိုးသွန်း ဦးမင်းမင်းထိုက် (စ/ခမစ(နိုင်) ၀၄၉၆၅၅ က (က-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ တပ်တွင်း မူလတန်းကျောင်း Grade-5မှ မသွစောအောင်နှင့် Grade-3မှ မချယ်ရီမိုးတို့၏ ဖခင် ဦးစိန်ခိုလင်း၏ အမည်မှန်မှာ ဦးထိန်လင်း ဖြစ်ပါကြောင်း။

ဦးထိန်လင်း

ဖခင်အမည်မှန်

ဦးမျိုးဇော်ထွန်း၏သား မွန် ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ မူလွန် (တောင်ဖရဲ) Grade-6 မှ မောင်အောင်နိုင်မျိုး၏ ဖခင်အမည် မှန်မှာ ဦးမျိုးမင်းဇော် ၁၂/တကန (နိုင်) ၁၅၃၈၈၆ ဖြစ်ပါကြောင်း။

ဦးမျိုးမင်းဇော်

ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အ.ထ.က (၁)တွင်ပညာသင်ကြား နေသော Grade -12 SE(2)မှ မောင်ဝဏ္ဏဖြိုးဇော် ဖခင်အမည်မှန်မှာ ဦးပု (စ/တကန (နိုင်)၁၀၂၆၃၃ ဖြစ်ပါကြောင်း။

ဦးပု
စ/တကန (နိုင်)၁၀၂၆၃၃

ကန့်ကွက်နိုင်ပါသည်

စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်းရှိ ပွဲရုံအဆောင် (၉၅) ဘေး၊ (၁၀ x ၂၀) ပေ ယာယီစတိုးဆိုင်ဝိုင်ရုံ ခေါ်စန်းရီ (PGU-၀၇၅၄၃၉) မှ ဦးကျော်စိုးအောင် (၁၂/အစန(နိုင်)၁၈၀၂၆၈)တို့လည်းကောင်း၊ ဦးကျော်စိုးအောင်မှ ဒေါ်မေမျိုးယဉ် (စ/မနမ(နိုင်)၀၀၅၄၈၁)တို့လည်းကောင်း ရောင်းချဝယ်ပြီးဖြစ်ပါ၍ ဒေါ်မေမျိုးယဉ်မှ ၎င်း၏အမည်သို့ ပြောင်းလဲမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း ကွပ်ကဲမှုရုံးသို့ စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် ကြေညာ ပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

တာဝန်ခံအရာရှိ
စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း
ကွပ်ကဲမှုရုံး
ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 34W/56909, New Anbo 125 ယာဉ်လက် ဝယ်ရိုက်ရှု ခေါ်ချိုချိုလတ် (၁၃/စစန (နိုင်)၀၄၅၅၉၃) ၏ နိုင်စဉ်ကူးလက်မှတ် အမှတ် (MG-550083) သည် ပျောက်ဆုံးသွားပါသဖြင့် ထိုလက်မှတ်အပေါ် ကန့်ကွက်ချက်များ ရှိပါက ၁၅ ရက်အတွင်း ကညန၊ တောင်ကြီး

မရှိလာအား သမီးအဖြစ်မှ အမွေပြတ်အပြီးအပိုင် စွန့်လွှတ်ကြောင်း အများသိရှိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မာလကာဒြရပ်ကွက်နေ ကျွန်တော် ဦးကွန်ဗဟာဒူး (စ/မကန(နိုင်)၀၈၁၈၁၂၄၄ ကျွန်မ ခေါ်ဟေမာမာလာ (စ/မကန(နိုင်)၀၆၂၃၀၈တို့၏ လွဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း မရှိလာနှင့် အများသိစေရန်ကြေညာအပ်ပါသည်။ ကျွန်ုပ်တို့အမှုသည်များ၏ သမီးဖြစ်သူ မရှိလာ (စ/မကန(နိုင်)၁၅၂၆၅၅သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ ရိုင်းစိုင်းစွာ ပြုမူပြောဆို ဆက်ဆံခဲ့ပြီး၊ ဆဲဆိုကြိမ်းမောင်းခြင်း(၂၀၂၀) ပြည့်နှစ်တွင် အိမ်မှ ရတနာပစ္စည်းများယူဆောင်၍ မိဘများ၏ နေအိမ်မှ

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မိုးညှိမြို့နယ်၊ အ.ထ.က(မိုးညှိ)Grade-11မှ ဘေးပြည့်ပြည့်အောင်၏ ဖခင်အမည် မှန်မှာ ဦးထွေးအောင် ဂ/မည၈(နိုင်) ၀၆၃၀၇၅ ဖြစ်ပါကြောင်း။

ဦးထွေးအောင်
ဂ/မည၈(နိုင်)၀၆၃၀၇၅

ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက (၉)၊ Grade-5 တန်းမှ မောင်သီဟ ဟိန်းထက်၏ ဖခင်အမည်မှန်မှာ ဦးသီဟစိုး ၁၀/သဖ၇ (နိုင်) ၁၃၂၂၃၃ ဖြစ်ပါကြောင်း။

ဦးသီဟစိုး

ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက(ခွဲ)လ (၄)၊ Grade-12 တန်းမှ မောင်အုံဘုန်းကျော်၏ ဖခင်အမည်မှန်မှာ ဦးဂိုလမ်ဟူစိန် ၁၀/မလ၈(နိုင်) ၁၁၀၂၉၈ ဖြစ်ပါကြောင်း။

ဦးဂိုလမ်ဟူစိန်

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္ထူလျှောက်ထားခြင်း

ယာဉ်အမှတ် 22W/39516, Honda Wave MLHJA ယာဉ်လက်ဝယ်ရှိသူ ခေါ်ဝေညူး ၁၃/ကဝန(နိုင်) ၀၆၁၆၇၆ က ယာဉ်မှတ်ပုံတင်စာအုပ် (က-၃) ပျောက်ဆုံး၍ မိတ္ထူးထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ဆိုင်းရွဲသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

က.ည.န၊ ခရိုင်ရုံး
(တာချီလိတ်)

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ခေါ်ချမ်းမြေအောင်(ဘ)ဦးအောင်ဆွေ ၅/ရာဘန(နိုင်)၁၆၄၀၆၇၄၌ ဦးအောင်မြင့်ဇော်(ဘ) ဦးအောင်ကျော်စိန်အ ၁၁/စတန(နိုင်)၀၅၇၄၄၁ တို့သည် (စ-၇-၂၀၂၄)ရက်ခွဲပါ ရန်ကုန်တိုင်း ဒေသကြီးတရားလွှတ်တော်တွင် ကွာရှင်းစာချုပ် မှတ်ပုံတင်အမှတ် (၁၄၅/၂၀၂၄)ဖြင့် နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါကြောင်းနှင့် တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်ွယ်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခေါ်ချမ်းမြေအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ –
ခေါ်နန်းသန္တာအောင် (မဟာဥပဒေဘွဲ့) LL.B,LL.M (Master Of Law)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၇၇)
တိုက်အမှတ်-၁၇၊ ၁၃-ရပ်ကွက်၊ အင်းစိန်လမ်းမကြီး၊ လှိုင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၈၅၄၂၈၅၅၄

ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး၃၉ဒေအမိန့်-၂၁၊ နည်း၃၉ဒေ-၂၂)
မရမ်းကုန်းခရိုင်တရားရုံးတော်
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၇၁ ဆက်နွယ်သည့်
၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၀၄

၁။ ခေါ်အေးအေးမြင့် နှင့် ဦးတင်ဝင်း
၂။ ခေါ်ခင်မာချို

ဒီကရီအနိုင်ရသူများ တရားရှုံး

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ် နေမျိုးကျော်သူလမ်း၊ အမှတ်(၂၈၇)နေ တရားရှုံး ဦးတင်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

